သာသနာရေးဝန်ကြီးဌာန

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ကံကောင်းချင်သူတိုင်းအတွက်

# ဖန်တီးရှင်

(သို့မဟုတ်)

# ကမ္မ

## ပါမောက္ခချုပ်ဆရာတော်

## ဒေါက်တာ အရှင်သီလာနန္ဒာဘိဝံသ

(အဂ္ဂမဟာပဏ္ဍိတ ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)

အင်္ဂလိပ်ဘာသာဖြင့်ဟောကြားသောတရားတော်

(A Talk on Kamma, Rebirth & Suffering)

စီမံဘဏ္ဍာဌာနမှူးဦးအောင်သိန်းညွန့်မြန်မာပြန်ဆိုသည်

သာသနာ - ၂၅၄၄ ကောဇာ - ၁၃၆၂ ခရစ် - ၂၀၀၀

သာသနာရေးဝန်ကြီးဌာန
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ကံကောင်းချင်သူတိုင်းအတွက်

# ဖန်တီးရှင်

(သို့မဟုတ်)

# ကမ္မ

ပါမောက္ခချုပ်ဆရာတော်
ဒေါက်တာအရှင်သီလာနန္ဒာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
အင်္ဂလိပ်ဘာသာဖြင့်ဟောကြားသောတရားတော်
(A Talk on Kamma, Rebirth & Suffering)

စီမံဘဏ္ဍာဌာနမှူးဦးအောင်သိန်းညွှန့်မြန်မာပြန်ဆိုသည်

သာသနာ-၂၅၄၅ ကောဇာ-၁၃၆၃ ခရစ်-၂၀၀၂

အမှတ် ၂၄၄၈
ရက်စွဲ ၂၈.၇.၀၇

ကောင်းချင်သူတိုင်းအတွက်

# ဖန်တီးရှင် (သို့မဟုတ်) ကမ္ဘာ

| | | |
|---|---|---|
| ခုနှစ် | - | ၂၀၀၂ခုနှစ်၊ ဇန်နဝါရီလ |
| ပထမအကြိမ် | - | ၁၀၀၀အုပ်၊ ၂၀၀၁ခုနှစ် |
| ဒုတိယအကြိမ် | - | ၁၀၀၀အုပ်၊ ၂၀၀၂ခုနှစ် |
| တန်ဖိုး | - | ၂၅၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - | ကွန်ပျူတာဌာန |
| နှင့်အတွင်းစာသား | | အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် |
| ထုတ်ဝေသူ | - | ဦးအောင်သိန်းညွန့် ဌာနမှူး (စီမံ/ဘဏ္ဍာ) အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် သာသနာရေးဝန်ကြီးဌာန |
| ထုတ်ဝေခွင့်အမှတ် | - | သာသနာရေးစာမူထုတ်ဝေခွင့် ယာယီအမှတ် (၄၃၈/၂၀၀၀) |
| ပုံနှိပ်တိုက် | - | ရွှေဇင်ကျော်ပုံနှိပ်တိုက် အမှတ်-၁၅၁၊ ၃၄-လမ်း ကျောက်တံတားမြို့နယ်၊ရန်ကုန် |




ပါမောက္ခချုပ်ဆရာတော်

**ဒေါက်တာ အရှင်သီလာနန္ဒာဘိဝံသ**



ဝိုင်ပီအို အဖွဲ့ဝင်များ ပါမောက္ခချုပ်ဆရာတော်ထံမှ ကမ္မဒေသနာတော်ကို စိတ်ဝင်တစားနာယူကြစဉ်

# ကံကောင်းချင်သူတိုင်းအတွက် ဖန်တီးရှင်
## (သို့မဟုတ်)
## ကမ္မ

**မာတိကာ** **စာမျက်နှာ**


ပါမောက္ခချုပ်ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း

နိဒါန်းစကား

| | |
|---|---|
| ကမ္မတရားတော်အစ | ၁ |
| ဝိုင်ပီအို | ၂ |
| ကံအကြောင်းကိုမှနာကြားလိုလှပါသတဲ့ | ၃ |
| ဘုရားရှင်၏ တရားဘဏ္ဍာတိုက်တော်ကြီး | ၅ |
| ပါမောက္ခချုပ်ဆရာတော်နှင့်ကမ္မနိယာမဒေသနာ | ၇ |
| ဒွယံ ဒွယံ အစုံစုံဖြင့် | ၁၁ |
| "ကံ" အကြောင်းအခုသိပါပြီ | ၁၄ |
| ဗုဒ္ဓဘာသာမြန်မာလူမျိုးများ "ကံ" အကြောင်းကို သိကြပြီလား | ၁၆ |
| ကံကိုနားလည်မှုမှတဆင့်တက်၍ | ၁၉ |

## မာတိကာ


| မာတိကာ | စာမျက်နှာ |
|---|---|
| **ဖန်တီးရှင်(သို့မဟုတ်)ကမ္မ** | |
| ကမ္မဆိုသောဝေါဟာရ | ၂၂ |
| ကမ္မအဓိပ္ပာယ်နှင့်အနှစ်သာရ | ၂၅ |
| ကံစွမ်းရည်သတ္တိ | ၂၈ |
| ကံစေတနာအကျိုးပေးပုံဥပမာ | ၂၉ |
| ကမ္မနိယာမသဘောတရားဘယ်ကရသလဲ | ၃၂ |
| ဗုဒ္ဓကိုယ်တော်တိုင်တွေ့ရှိသောကမ္မနိယာမ သဘောတရား | ၃၄ |
| ကံအကျိုးပေးချိန်ကာလ(၃)မျိုး | ၃၅ |
| လက်ငင်းကံလည်းအကျိုးပေးတတ် | ၃၆ |
| ဆိုးကံကြုံကသူတစ်ပါးကိုအပြစ်မတင်ရ | ၃၉ |
| ကောင်းစားလိုလျှင်ကံကိုပြင် | ၄၁ |
| ကံသာလျှင်အကြောင်းခံတရား | ၄၃ |
| မွေးသေကြားမှာနယ်ခြားမရှိ | ၄၄ |
| ခဏတိုင်းမှာမွေးသေနေကြရ | ၄၇ |
| နှစ်ပေါင်းနှစ်သစ်ဆိုသည်မှာ ရှေ့တစ်စက္ကန့်နှင့်နောက်တစ်စက္ကန့်မျှသာ | ၅၀ |
| ဘုရားရဟန္တာပရိနိဗ္ဗာန်မစံမချင်းဖြစ်မြဲချုပ်မြဲ | ၅၂ |

| မာတိကာ | စာမျက်နှာ |
|---|---|
| သေသူမွေးသူ၊အတူတူလား | ၅၃ |
| လည်ဆွဲပုတီးကုံးပမာ ရုပ်နာမ်သံသရာ | ၅၅ |
| ရုပ်နာမ်မှန်သမျှဒုက္ခချည်းသာ | ၅၈ |
| ဒုက္ခဆိုတာ | ၅၉ |
| မမြဲခြင်းဟာဒုက္ခပါဘဲ | ၆၁ |
| ကမ္မဋ္ဌာန်းရှုပွားမှုဒုက္ခထင်ရှား | ၆၃ |
| ကြားသမျှ၊ ပြောသမျှ၊ ဖြစ်သမျှ ပေါ်ချုပ်ပျောက် | ၆၆ |
| ခန္ဓာငါးပါးဒုက္ခသစ္စာ | ၆၇ |
| အရှိအတိုင်းဟောကြားသောမြတ်ဗုဒ္ဓ | ၇၁ |
| မြတ်ဗုဒ္ဓ၊အတုမဲ့သမားတော်ကြီး | ၇၂ |
| လွတ်လမ်းကိုရှာ၊ မိမိဝန်တာ | ၇၄ |
| ဆေးညွှန်းဖတ်ကြည့်ရုံမျှဖြင့်မပြီး လက်တွေ့စားသုံးမှအကျိုးကြီး | ၇၅ |
| A Talk on Kamma, Rebirth and Suffering | ၇၈ |

(ဃ)

# ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်သီလာနန္ဒာဘိဝံသ ၏ ထေရုပ္ပတ္တိအကျဉ်း

ပါမောက္ခချုပ်ဆရာတော်ကို ၁၆-၁၂-၁၉၂၇ တွင် မွေးဖွားတော်မူ၏။ ခမည်းတော်နှင့် မယ်တော်တို့မှာ မန္တလေးမြို့မှ ဝဏ္ဏကျော်ထင် မြန်မာဗိသုကာပညာရှင် ဆရာဆိုင်နှင့် မယ်တော်ကြီးဒေါ်မုန်းတို့ဖြစ်သည်။

ငယ်စဉ်က မန္တလေး၊ အမေရိကန်နှစ်ခြင်းသာသနာပြု ကယ်လီအထက်တန်းကျောင်း၌ ပညာသင်ခဲ့၏၊ ၁၉၄၃-ခုနှစ် (၁၆) နှစ်အရွယ် ရှင်သာမဏေဘဝမှ စတင်ကာ ပိဋကတ်ကျမ်းစာများကို သင်ယူခဲ့ပြီး ၁၉၄၇-ခုနှစ် စစ်ကိုင်း မဟာဝိဇ္ဇောဒယကျောင်း ဆရာတော် ဦးပညာဝံသ ကို ဥပဇ္ဈာယ်ပြု၍ရဟန်းပြုတော်မူခဲ့သည်။

ပညာဂုဏ်ထူးမှာ- သာသနဓဇ သိရိပဝရဓမ္မာစရိယ၊ ပရိယတ္တိ သာသန ဟိတဓမ္မာစရိယ၊ London G.C.E (ပါဠိနှင့် သက္ကဋ ဂုဏ်ထူး)။

ဆဌသင်္ဂါယနာပါဠိတော်များအကြို တည်းဖြတ်ကာလမှစတင်၍ ပထမသန္နိပါတ ကာလအထိ တောက်လျှောက်ပါဝင် ဆောင် ရွက်တော်မူခဲ့၏၊ ယင်းနောက် နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့ တိပိဋက ပါဠိမြန်မာ အဘိ ဓာန်ဌာနတွင် ကျမ်းပြုဆရာတော်အဖြစ် အတွဲ(၁)နှင့်(၂)တို့ကို ပြုစုရေးသား တည်း ဖြတ်တော်မူခဲ့သည်၊ ၁၉၆၀-ခုနှစ်တွင် မဟာ ဝိဇ္ဇောဒယချောင်ကျောင်းတိုက်ပဓာနနာယက ၁၉၆၉-ခုနှစ်တွင် မန္တလေး အဘယာ ရာမကျောင်းတိုက်၊ ဒုတိယနာယက (ယခု အချိန်တွင် ယင်း ကျောင်းတိုက်၏ ပဓာန နာယက) မန္တလေးတက္ကသိုလ် ဘီအေတန်း နှင့် အမ်အေတန်းများတွင် အရှေ့တိုင်း

ပညာဌာန၊ ပြင်ပစာစစ် ပုဂ္ဂိုလ်အဖြစ် နှစ်များစွာ ဆောင်ရွက်တော်မူခဲ့၏။

၁၉၇၉ခုနှစ်ရောက်သော် မဟာစည် ဆရာတော်ဘုရားကြီးနှင့်အတူ အမေရိကန်သို့ကြွရောက်၍ ဆရာတော်ကြီး၏ တာဝန်ပေးချက်အရ ယင်းကာလမှ စတင်ကာ အမေရိကန်နိုင်ငံတွင် သီတင်းသုံးတော်မူခဲ့ရပြီး၊ အမေရိကန်နိုင်ငံ ထေရဝါဒ ဗုဒ္ဓဘာသာ အသင်းထူထောင်လျက်၊ ဆန်ဖရန်စစ္စကိုတွင် ဓမ္မာနန္ဒဝိဟာရကို စတင်ထူထောင်တော်မူခဲ့သည်၊ ၁၉၈၁–ဝွင် ဒေလီစီးတီး မြို့သို့ပြောင်းရွှေ့ပြီး ၁၉၉၆တွင် ဟာ့ဖ်မွန်ဘေးမြို့သို့ ပြောင်းရွှေ့ကာ ယနေ့တိုင် သီတင်းသုံးလျက် အမေရိကန်နိုင်ငံ ထေရဝါဒ ဗုဒ္ဓဘာသာအသင်း၏ ဩဝါဒါစရိယ၊ ဓမ္မစက္က ကမ္မဋ္ဌာန်းရိပ်သာ၊ တထာဂတ ကမ္မဋ္ဌာန်းရိပ်သာ၊ ဗောဓိဓမ္မရိပ်သာ၊ မက္ကစီကိုနိုင်ငံ၊ မက္ကစီကို ထေရဝါဒဗုဒ္ဓဘာသာအသင်း၊ ဂျမေကာနိုင်ငံ ထေရဝါဒ

ဗုဒ္ဓဘာသာအသင်းတို့ကို တစ်ခုပြီးတစ်ခု ဘူဆောင်တော်မူခဲ့သည်။

၁၉၇၉-ခုနှစ်တွင် အမေရိကန်သို့ ကြွရောက်ပြီး နောက်ပိုင်းကာလ တစ်လျှောက်လုံးတွင် ဝိပဿနာသင်တန်းများ၊ အဘိဓမ္မာသင်တန်းများ၊ တရားစခန်းများကို ဂျပန်၊ ဥရောပနှင့် အာရှဒေသ နေရာတော်တော်များများတွင် နှစ်စဉ် လှည့်လည်သင်တန်းပို့ချ တရားပြတော်မူလာခဲ့သည်မှာ ယနေ့တိုင် ဖြစ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက ၁၉၉၃ခုနှစ်တွင် **အဂ္ဂမဟာပဏ္ဍိတ** ဘွဲ့တံဆိပ်တော်နှင့် ၁၉၉၉ခုနှစ်တွင် **အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်ပူဇော်ခဲ့ပြီး မြန်မာနိုင်ငံပညာရေးကော်မတီ၊ ရန်ကုန်တက္ကသိုလ်က ၂၀၀၀ပြည့်နှစ်တွင် ဆရာတော်အား **ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့** (Doctor of

Letters) (Honaris Causa) ကို ဆက်ကပ် ပူဇော်ခဲ့ပါသည်။

ဆရာတော်ပြုစုတော်မူခဲ့သော ကျမ်းစာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**အင်္ဂလိပ်ဘာသာဖြင့် ပြုစုသောကျမ်းစာများ**

၁။ The Four Foundations of Mindfulness

၂။ An Introduction to the Law of Kamma

၃။ An Introduction to the Doctrine of Anatta (No-Soul)

၄။ Paritta Pāḷi and Protective Suttas

၅။ The Benefit of Walking Meditation

၆။ The Man Who Called Himself Tathāgata

၇။ On Clear Comprehension

၈။ The Four Foundations of Mindfulness (summary)

**မြန်မာဘာသာဖြင့် ပြုစုသောကျမ်းစာများ**

၁။ ဟာရားဦး

၂။ ဆရာတော်ဦးနာရဒ (ထေရုပ္ပတ္တိ)

၃။ မြန်မာစိသုကာပညာရှင် ဆရာဆိုင် (အတ္ထုပ္ပတ္တိ)

၄။ သိမ်သင်တန်း

၅။ သဒ္ဒနီတိဓာတုမာလာကို ပါဏိနိယ ဓာတုပါဌနှင့် နှိုင်းယှဉ် လေ့လာခြင်း

၆။ ဌာန်ကရိုဏ်း ပယတ် အဖွင့်ကျမ်း

၇။ ဝါကျာဝယဝ ဝဏ္ဏနာကျမ်း

၈။ ရူပသိဒ္ဓိဋီကာ နိဿယ

၉။ ကာဗျာဒါသနိဿယ

၁၀။ သုဓဗောဓနိဿယ

၁၁။ တက္ကသင်္ဂဟမြန်မာပြန်

၁၂။ ဝိဒဂ္ဂမုခမဏ္ဍန နိဿယ

၁၃။ မဟာစည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ

၁၄။ တိပိဋကပါဠိမြန်မာအဘိဓာန် အတွဲ(၁)နှင့်(၂)

ကမ္ဘာ့နေရာအနှံ့ လှည့်လည် ပို့ချသော တိတ်ခွေများမှ ပြန်လည်ကူးယူ တည်းဖြတ်ပြီး ထပ်မံ၍ ကျမ်းစာအုပ်များ အဖြစ် မကြာမီ ထုတ်ဝေတော့မည် ဖြစ်ပါသည်။

*မြန်မာဘာသာပြန်ဆိုသူ*

**[ဦးအောင်သိန်းညွန့်၊ဌာနမှူး(စိမံ/ဘဏ္ဍာ)]**

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

# နိဒါန်းစကား

## ကမ္မတရားတော်အစ

၁၉၉၉ ခုနှစ် မတ်လတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ လုပ်ငန်းအသစ်များ စတင်လည်ပတ်သည်မှာ လပိုင်းမျှသာ ရှိသေးပါသည်၊ သင်ကြားရေး လုပ်ငန်းသစ်များအကြား၌ ပါမောက္ခချုပ်ဆရာတော် အမှူးပြုသော သင်ကြားရေး ဆရာတော်များ၊ ဆရာကြီးများ နားခွင့်ရသည် မရှိကြပါ၊ စီမံခန့်ခွဲရေး လုပ်ငန်းများ၌လည်း ဒုတိယပါမောက္ခချုပ် (စီမံ) ဆရာကြီး ဒေါက်တာလှဖေ စသော တာဝန်ရှိသူများသည်လည်း နေ့ရောညပါ လုပ်ငန်းအသစ်များ၏ လတ်တလောတောင်းဆိုချက်များကို ချိန်ကိုက်ဖြေရှင်း ပေးနေရဆဲကာလ ဖြစ်ပါသည်။

ယင်းသို့ သင်ကြားရေးရောစီမံရေး လုပ်ငန်းများပါ ပျားပန်းခတ်မျှ ဖြေရှင်းနေဆဲကာလတွင် သာသနာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်အရ အမေရိကန်နိုင်ငံ အခြေစိုက် Young Presidents' Organizationမှ လူငယ်ဥက္ကဋ္ဌများဖြင့်သာ ဖွဲ့စည်းထားသော အဖွဲ့တစ်ဖွဲ့ ထေရဝါဒ တက္ကသိုလ်သို့ လာရောက် လေ့လာမည် ဖြစ်ကြောင်း သတင်းညွှန်ကြားချက် ရရှိပါသည်။

ဝိုင်ပီအို

Young Presidents' Organization (သို့မဟုတ်) YPO သည် အသက်ငါးဆယ်အောက် စီးပွားရေးလုပ်ငန်း အဖွဲ့များ၏ လူငယ်ဥက္ကဋ္ဌများချည်းသာ စုစည်း တည်ထောင်ထားသည့် နိုင်ငံတကာအဖွဲ့ တစ်ဖွဲ့ ဖြစ်ပါသည်၊ ဝိုင်ပီအို အသင်းဝင်သည်

အသက်ငါးဆယ်ပြည့်လျှင် အသင်းမှအလို အလျောက် နုတ်ထွက်ပြီးသား ဖြစ်သွားပြီး အသင်းက ထိုပုဂ္ဂိုလ်အား Easy Chair ခေါ် အိုမင်းမစွမ်း ပုဂ္ဂိုလ်များ အသုံးပြုရ သည့် ခန့်ညား လှပသော ပက်လက် ကုလားထိုင် တစ်လုံးကို လက်ဆောင် ပေးအပ် နုတ်ဆက်သည် ဟု အဆို ရှိပါသည်၊ ပျိုမြစ် နနယ် ငယ်ရွယ် သူတို့၏ သဘာဝပေးတန်ဖိုး ကား လွန်စွာကြီးမားပါလေစွ၊ရင့်ကျက်မှုတန်ဖိုး နှင့် ပျိုမြစ်မှုတန်ဖိုး နှစ်ရပ် ရှိရာတွင်ယင်း အသင်းက ပျိုမြစ်မှု စွမ်းအားကိုသာ ပို၍ တန်ဖိုးထား သည့်သဘော ပေဘဲလား၊ မမြင်ရသည့် အင်အားနှင့် မြင်ရသည် အင်အား နှစ်ရပ်ရှိရာတွင် လက်တွေ့ မျက်တွေ့မြင်ရသောအင်အားကိုသာလျှင် အသိအမှတ်ပြုသည့်သဘော ပေဘဲလား။

## ကံအကြောင်းကိုမှနာကြားလိုလှပါသတဲ့

မည်သို့ဘဲ သဘောထားထား၊ ညွှန်ကြားချက်နှင့်အတူပါလာသော အခြားအံ့ဖွယ်သတင်းတစ်ရပ်မှာ "ထိုပုဂ္ဂိုလ်များက ကံအကြောင်းကို နာကြားချင်လှပါသတဲ့" ဟူ၍၊ ရုပ်စွမ်းအားကို အလေးအနက်ထားသည်ဟု ယူဆရသော ထိုအဖွဲ့က "နာမ်စွမ်းရည်တို့၏ အဓိကတုန့်ပြန်မှု ကမ္မနိယာမ သဘောတရား" ကို နာကြားလိုလှပါသည်ဟု ကြားရပြန်သဖြင့် အံ့အားသင့်ကြီးမက အံ့အားသင့်ရ ပြန်ပါသည်၊ ထို့ထက်ပို၍ အံ့အားသင့်ရသည်မှာထိုအဖွဲ့တွင် ရိုးယေးရှင်းသိအိုရီ" နယ်ပယ်တွင် ပေါက်ဖွားကြီးပြင်းလာကြသော အနောက်သား အများစုတို့ ပါဝင်နေခြင်းပင်၊ ခရိုးယေးရှင်းသိအိုရီ နှင့် ကမ္မနိယာမ သီအိုရီတို့ကား အရှေ့နှင့် အနောက်ပမာ

ဖြစ်၏၊ တစ်ခုကဖန်ဆင်းသူကိုအားကိုး၏၊ တစ်ခုကကိုယ့်အားကိုယ်ကိုး၏၊ အားကိုးမှု မျက်နှာစာများအလှည့်အပြောင်း လုပ်လို ကြလေသလားဟု တွေးတောဖွယ် ရှိလာ ပြန်ပါ၏၊ သို့တည်းမဟုတ် အကြောင်းနှင့် အကျိုးကို ဆက်စပ် တွေးယူ ပုံဖော်လေ့ ရှိကြသော ၎င်းတို့ ၏ အလေ့အကျင့်အရ အကြောင်း နှင့် အကျိုး ညီညွတ်မျှတစွာ ပေါင်းစပ် ထုတ်ဖော်ပြထားသော "ကမ္မ နိယာမဝါဒ" ဆိုင်ရာ ၎င်းတို့ လေ့လာ ထားချက်များကို ဒါထက် ပိုမိုနက်ရှိုင်းစွာ လေ့လာလိုကြပေသလော။

**ဘုရားရှင်၏ တရားဘဏ္ဍာတိုက်တော်ကြီး**

ဘုရားရှင်၏ လေးဆယ့်ငါးနှစ်မျှ ကာလတိုအတွင်း ဟောကြားတော်မူခဲ့ သော နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊

ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့ကား ဘဏ္ဍာတိုက်တော်ကြီးပမာ ဖြစ်ပါ၏၊ တိုတောင်းလှသော ကာလအတွင်း အရေးအကြီးဆုံး ဓမ္မတို့ကိုသာ ရွေးချယ်ဟောတော်မူခဲ့၏၊ ဘဝလွတ်မြောက်ရေးကို အထောက်အကူပြုသော လမ်းညွှန်ချက်မှန်သမျှတို့ကို သူ့အကန့်နှင့်သူ စီရရီချပြတော်မူခဲ့၏၊ ဘဝလွတ်မြောက်ရေးကို ဦးတည် လမ်းညွှန်တော်မူရာတွင် ကျွဲကူးရေပါ လက်ငင်း ပစ္စုပ္ပန် ဘဝနေနည်းချမ်းသာ အမျိုးမျိုးတို့ကိုလည်း ချန်လှပ်ထားတော်မမူခဲ့၊ သို့တစေ ထိုဘဝချမ်းသာဟုထင်ရသော ယာယီချမ်းသာများ ဘက်သို့ ဦးတိုက် စိုက်ဝင်သွားမည်ကိုလည်း လိုလားတော်မမူ၊ ဘဝလွတ်မြောက်မှု အထောက်အကူပြု ကျွဲကူးရေပါ ယာယီ ဘဝချမ်းသာနှင့်ဘဝနေနည်းများကိုလည်း

အန္တိမအားကိုးချက် အဖြစ် မထားကြရန် အခွင့်သင့်တိုင်း ထောက်ပြ သတိပေးတော်မူခဲ့ပါ၏၊ ယင်းသို့ ရတနာမျိုးစုံ ပြည့်ဝလျက်ရှိသော ဓမ္မဘဏ္ဍာတိုက်ကြီးတွင် တစ်လုံး၊ တစ်ပါဒ၊ တစ်ဂါထာမျှဖြစ်စေ၊ သိသလောက်စွဲမြဲစွာ အားကိုးကျင့်ဆောင်လျှင် အကျိုးရသည်ချည်းပင်၊ ထို့ကြောင့် "ကံ" အကြောင်းတရားကို ဟောပြပါဟု ဆိုလျှင်လည်း တရားတော်၏ ပင်ကိုယ်ဦးတည်ချက်အရ "သန္တိသုခအမတနိဗ္ဗာန်း" ဆီသို့ ဦးတည်လျှောက်လှမ်းမြဲသာ။

**ပါမောက္ခချုပ်ဆရာတော်နှင့်**
**ကမ္မနိယာမ ဒေသနာ**

ဝိုင်ပီအိုအဖွဲ့ဝင် ငါးဆယ်ကျော်လာရောက်၍ "ကံအကြောင်း" နာယူကြမည်ဆိုကတည်းက လိုအပ်သလောက်

ပြည့်စုံမှုမရှိသေးသော စာသင်ခန်းများဂု လိုက်လျောညီထွေရှိအောင် ပြင်ဆင်ကြရပါ၏၊ ဟောကြားမည့် ဆရာတော်ကား ထေရဝါဒ တက္ကသိုလ်၏ ပါမောက္ခချုပ် ဆရာတော် အရှင် သီလာနန္ဒာဘိဝံသ၊ ဆရာတော်ကား ရဟန်းငယ် ဘဝကပင် တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းကြီးများကို ဦးဆောင် ပါဝင်ရေးသားခြင်း၊ ကျမ်းစာများစွာ ရေးသားခြင်း၊ မန္တလေးတက္ကသိုလ်တွင် ပြင်ပစာစစ်အဖြစ် နှစ်များစွာ ဆောင်ရွက်ခြင်း၊ မိမိပဓာန နာယက အဖြစ် ဆောင်ရွက်သော စာသင်တိုက်တွင် ကျမ်းဂန်များစွာ ပို့ချခဲ့ခြင်း၊ ရန်ကုန် မဟာစည် ပင်မ တရားရိပ်သာကြီးတွင် ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်လာခဲ့ခြင်း၊ မဟာစည်ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် တာဝန်ပေး အပ်ချက်အရ

လွန်ခဲ့သည့် အနှစ်နှစ်ဆယ် ကျော်ကပင် အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားတွင် အခြေစိုက်၍ ဗုဒ္ဓ စာပေများသင်တန်းပို့ချ ခဲ့ခြင်း၊ ဂျမေကာ၊ မက္ကစီကို၊ မလေးရှား၊ စင်္ကာပူစသော နိုင်ငံများတွင် ကမ္မဋ္ဌာန်း တရားစခန်းများ နှင့် အဘိဓမ္မာသင်တန်း များကို နှစ်များစွာ ကြာကြာကပင် ဖွင့်လှစ်ပြီး ကမ္ဘာလှည့် သာသနာ ပြုနေ ခြင်း၊အင်္ဂလိပ်ဘာသာဖြင့် ခက်ခဲ နက်နဲ သော ဗုဒ္ဓကျမ်းစာများစွာ ရေးသားခဲ့ ခြင်းစသော သာသနာပြု အတွေ့အကြုံ များကို အံ့မခန်းအောင် စုဆောင်းမိပြီး ဖြစ်ပါသည်၊ မကြာသေးသော ကာလက ရန်ကုန်တက္ကသိုလ်က ဆရာတော်၏ပညာ ဂုဏ်ရည်ကို ပူဇော်သောအားဖြင့် ရန်ကုန် တက္ကသိုလ်က လယ်တီဆရာတော်ဘုရား ကြီးအား ပူဇော်ခဲ့သော ဘွဲ့အတိုင်း စာပေ

ပါရဂူဘွဲ့ (ဒီလစ်–ဒေါက်တာဘွဲ့) ကိုပင် အလှူခံရတော်မူပြီးဖြစ်ပါသည်၊ သို့ဖြစ်၍ ဗုဒ္ဓဒေသနာတော်၏ အခြေခံ(သို့မဟုတ်) ဗုဒ္ဓဘာသာဝင်ဖြစ်ရန် အခြေခံကမ္မနိယာမ အကြောင်းကို နားစိမ်းနေသူများအား ဟောပြောနေကျဖြစ်သော ဆရာတော်၏ အတွေ့အကြုံအရ မည်မျှထိရောက်မှုရှိမည်ကို စာရှုသူတို့ ဖတ်ရှု ဝေဖန် အမှန်တကယ်ကြည်ညိုကြရပေလိမ့်မည်၊ ခက်ခဲနက်နဲသော ဗုဒ္ဓဝါဒ အယူအဆများကို အနောက်တိုင်းသားတို့အတွက် လွယ်လွယ်ကူကူ အရပ်သုံးစကားဖြင့် ရိုးရှင်းစွာဟောပြထားတော်မူသည်မှာလည်း အံ့ဘနန်းပင်ဖြစ်ပါ၏။

## ဒွယံဒွယံအစုံစုံဖြင့်နာယူကြလေကုန်၏

၁၉၉၉ ခုနှစ်၊ မတ်လ ၁၃ရက်နေ့ နံနက်(၉)နာရီခွဲတွင် ထေရဝါဒတက္ကသိုလ် စာသင်ဆောင်(၁) အပေါ်ထပ် သင်တန်း ခန်းမသို့ ဝိုင်ပီအိုအဖွဲ့သားများ ရောက်လာ ခဲ့ကြပါသည်၊ အသက်ငါးဆယ်အောက် ရှိသူများဖြစ်၍ ဘဝတွင် ကံဉာဏ် ဝီရိယ စွမ်းရည်များ အရှိန်အတက်ဆုံး၊ အမြင့်ဆုံး အရွယ်များ ဖြစ်သောကြောင့် အားလုံး တက်တက်ကြွကြွ ရွှင်ရွှင်လန်းလန်း၊ အသင်းဝင်စည်းကမ်းအရ ရောက်လာသမျှ အားလုံးသည် မောင်နှံစုံဒွယံဒွယံများချည်း ဖြစ်ကြ၏၊ ၎င်းတို့က "ကမ္မ" အကြောင်း ကို သိချင်ကြသည်ဆိုသော် အချင်းချင်း ဒွယံဒွယံပါရမီ ကူညီထောက်မဖြည့်ဆည်း ပေးနိုင်ကြပေလိမ့်မည်၊ အမှန်စင်စစ် အဖွဲ့ အစည်းတစ်ခုခု၏ ဥက္ကဋ္ဌတာဝန် ဆိုသည်

မှာ တော်စွာလျော်စွာ ပါရမီအရည်အချင်းမျှနှင့်ဆောင်ရွက်ရန်မဖြစ်နိုင်၊ ဘက်စုံပြည့် အရည်အချင်း ရှိသူများသာ ဆောင်ရွက်နိုင်၏၊ အတွေးအခေါ် အမြော်အမြင်ကြီးမားကျယ်ပြန့်သူများသာ ဆောင်ရွက်နိုင်၏။

ဗုဒ္ဓဘာသာတွင် အခြေခံကျသော အယူအဆမှာ ကမ္မနိယာမဖြစ်၏၊ "ကမ္မနိယာမ" အယူအဆအပေါ်တွင် အခိုင်အမာ ရပ်တည်နိုင်မှသာ ဘဝလွတ်မြောက်ရေးကို တက်လှမ်းနိုင်၏၊ ဤသည်ကို စဉ်းစားမိသောအခါ ဒွယံဒွယံ အစုံစုံဖြင့် ကံအကြောင်းကိုမှ နာကြား လိုလှပါသည်ဆိုသော ထိုလူငယ်ဥက္ကဋ္ဌများ၏ ပင်ကိုယ်အရည်အချင်းများကို အလိုလို ခန့်မှန်းမိလာပါ၏၊ ထေရဝါဒတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာလှဖေ၊

သာသနာရေးဝန်ကြီးဌာန အထူးအရာရှိ ဒုတိယဗိုလ်မှူးကြီး သက်ရှည် (ငြိမ်း) (ယခု-ဦးဇင်းကြီး ဦးစက္ကိန္ဒ၊ မုံလယ်တောရ ဂန့်ဝေါ)၊ သာသနာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ယခု-ညွှန်ကြားရေး မှူးချုပ်) ဒေါက်တာမျိုးမြင့်ဦးဆောင်သော တက္ကသိုလ် စီမံရေးရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး နေရာချထားပေးပါ သည်၊ ခဏကြာသော် ပါမောက္ခချုပ်ဆရာ တော်အားပင့်ဆောင်၍ စာသင်ခန်းစင်မြင့် သို့ ကြွရောက်သီတင်းသုံးတော်မူပါသည်၊ ဆရာတော်အား ဝိုင်ပီအိုအဖွဲ့သားများနှင့် မိတ်ဆက်ပေးပြီးနောက် ဆရာတော်က တရားစတင် ဟောကြားတော်မူပါသည်။

ဝိုင်ပီအို ဒွယ်ဒွယ် အဖွဲ့ဝင်များ အားလုံးလေးလေးစားစားနာယူကြပါသည် ဆရာတော်က ၄၅မိနစ်ခန့် ဟောပြော ပြီးသော် ဆရာတော်၏ ခွင့်ပြုချက်အရ

၎င်းတို့အား မေးခွန်းများမေးမြန်းခွင့်ပြုပါ သည်၊ စာသင်ခန်းမတွင် အမေးအမြန်း ထူလေ့ရှိသော ၎င်းတို့မှာ ဆရာတော်၏ ဟောပြောချက်ပေါ် ယုံမှား သံသယ နည်း ပါး၍လား မသိပါ၊ တစ်ယောက်စ၊ နှစ် ယောက်စမျှသာ မေးခွန်းအနည်းငယ်မျှမေး မြန်းကြပါသည်၊ အားလုံးက မမေးကြပါ၊ ကျေနပ်ပါသည်ဟု အဖြေရသော် မြန်မာ ဗုဒ္ဓဘာသာတို့၏ ဓလေ့ထုံးစံ အတိုင်း တရားပွဲအပြီး ၎င်းတို့အား သာဓုသုံးကြိမ် ခေါ်ရန် ပန်ကြားပြီးနောက် သာဓုခေါ်ကြ ပါသည်။

**"ကံ"အကြောင်းအခုသိပါပြီ**

သာဓုခေါ်ပြီးနောက် ဆရာတော် ရှိရာ စင်မြင့်သို့ ၎င်းတို့အနက်က တစ် ဝက်ကျော် ချဉ်းကပ်လာကြပြီး မိတ်ဆက်

ကြပါသည်၊ အများစုက ယခုကဲ့သို့ နာကြား မှတ်သားရသည့်အတွက် အထူး ကျေးဇူးတင်ပါကြောင်း ပြောကြပါသည်၊ ၎င်းတို့အနက် အသက်လေးဆယ်ခန့်ရှိ စက်ဘ်ပူလူမျိုးဟု ယူဆရသူ ဥက္ကဋ္ဌ တစ်ဦးက "ကံအကြောင်းကို နားလည်ချင်လွန်းသဖြင့် ထိုင်ဝမ်တွင် သင်တန်းအမျိုးမျိုး တက်ခဲ့ဘူးပါကြောင်း၊ သင်တန်းတစ်ခုမှာ နေ့စဉ်တက်ရသော သင်တန်းဖြစ်၍ တစ်လ ကြာမြင့်ပါကြောင်း၊ သို့ရာတွင် မိမိအနေဖြင့် ဝေဝေဝါးဝါးသာ သိခဲ့ပါကြောင်း၊ ယခုဆရာတော်၏ နာရီဝက်ကျော်မျှ ဟောပြောချက်ကို နာကြားရတဲ့အခါ "ကံ" ဆိုတာ ဘာကိုဆိုလိုတယ်၊ ဒီကံကို ဘယ်လိုပဲ့ကိုင်ရမယ်ဆိုတာရှင်းရှင်း လင်းလင်းကြီး သိသွားလို့ အမှန်တကယ် ကျေးဇူးတင်မဆုံး ဖြစ်ရပါကြောင်း"

ထပ်တလဲလဲ ကျေးဇူးစကား လျှောက်ထား သည်ကို မျက်မြင်ကိုယ်တွေ့ သိရှိခဲ့ရပါ သည်၊ ဤတွင် ဤတရားတော်ကိုဘာသာ ပြန်သူ၏ ခေါင်းထဲတွင် စဉ်းစားစရာ တစ်ခု လင်းလက်သွားခဲ့ပါ၏၊ ၎င်းမှာ "တို့တတွေကော ကံအကြောင်း ဘယ် လောက်အထိ သိပြီးပြီလဲ" ဟူပါ၏။

**"ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ ကံအကြောင်းကို သိကြပြီလား"**

ကျွန်ုပ်တို့မိရိုးဖလာဗုဒ္ဓဘာသာဝင် များ ကံအကြောင်းကို မည်မျှအတွင်းနှိုက် ပြီး ခံစားလေ့လာကြည့်ဘူးပါသနည်း၊ စာ စောင်များ စာအုပ်များတွင် ဘယ်ဒေသနာ ဘယ်ပရိတ်ရွတ်လို့ ဘာအကျိုးရတယ် စသည်ကို ဖတ်ရှုအားကျပြီး ကျင့်ဆောင် သူများလည်းရှိပါသည်၊ နေ့စဉ် မေတ္တာပို့

အမှျဝေ၊ သီလခံ၊ ပန်းကပ်၊ ရေချမ်းကပ်၊ ဆွမ်းတော်ကပ်၊ဆွမ်းလောင်း စသည်ဖြင့် အာစိဏ္ဏကံ ဝတ္တရားမှန်မှန် ကျိုးပမ်း အား ထုတ်သူများလည်း ရှိပါသည်၊ ထိုပုဂ္ဂိုလ် များသည်ပင် "ကမ္မနိယာမ" နှင့်စပ်လျဉ်း၍ မည်သည့်အတိုင်းအတာအထိ ခံစား နားလည်ထားမိကြပါသနည်း။

အများစု အတွက်မှာကား "ကံ" ဟူသော စကားကို "ထီပေါက်ဖြစ်စဉ် တစ်ခု" အဖြစ်သာ မှတ်ယူထားတတ်ကြ ပါသည်၊ ဗုဒ္ဓဘာသာအများစုက "ကံ" အပေါ် မည်မျှနားလည်ကြောင်းကို လမ်း လေးခွ၌ တည်ဆောက်လှူဒါန်းထားသည့် ရေချမ်းစင်များမှ "ကြိုးတန်းလမ်းသောက် ရေခွက်များ" က သက်သေခံလျက်ရှိကြပါ သည်၊ အလားတူ အလှူမင်္ဂလာ၊ သုမင်္ဂလ ဒုမင်္ဂလစသည့် လူအများဆုံသော နေရာ

တွင် ဖိနပ်အိတ်များကို ကြိုတင်ဝေငှ ပေးထားရသည်မှာလည်း တကယ့် သက်သေဖြစ်ပါသည်၊ ရေချမ်းစင်မှ သောက်ရေခွက်ကို စတီးကြိုးဖြင့် ချည်နှောင်ကြရသောဘဝမှလွတ်မြောက်ကြပြီဆိုလျှင် ငါးဆယ်ရာနှုန်းမှာ "ကံ"အကြောင်း နားလည်ကြပြီဟု ယူဆရန်သာ ရှိပါတော့သည်၊ ထိုသို့နားလည်နိုင်ရန် ဤစာအုပ်ငယ်ကလေး ***"ကံကောင်းချင်သူများအတွက် ဖန်တီးရှင်- (သို့ မဟုတ်-ကမ္ဘ)"*** က အပြည့်အဝနားလည်မှုနှင့် မှန်ကန်သောကျင့်ကြံ အားထုတ်မှုတို့ကို ပေးလိမ့်မည်ဟု ဧကန် ယုံကြည်ပါသည်။

၁၉

## “ကံ” ကို နားလည်မှုမှ တစ်ဆင့် တက်၍

ပါမောက္ခချုပ်ဆရာတော်က ကံအကြောင်းသိလိုသူ နိုင်ငံခြားသားများအား “ကံ” နှင့် “ဘဝသံသရာ” ဆက်နွယ်ပုံ၊ ခန္ဓာငါးပါး ရုပ်နာမ်သံသရာ ဖြစ်ပျက်ရှိနေက ဒုက္ခဆိုတာရှိနေပုံ၊ ဘုရားရဟန္တာ ဘဝဖြင့် ပရိနိဗ္ဗာန်မစံမချင်း ဒုက္ခမှမလွတ်မြောက်နိုင်ပုံ၊သို့ဖြစ်၍ ကံအဆိုးအကောင်းကို ခွဲခြားသိမြင်ပြီး၊ ကောင်းကံများကိုသာရွေးချယ် လုပ်ဆောင်သဖြင့် ကောင်းကျိုးများရရှိနေပုံ၊ ထိုသို့ ကောင်းကျိုးများ ရရှိနေသော်လည်း သံသရာမလွတ်သေးသမျှ ဒုက္ခနဲ့သာ ရင်ဆိုင်ရပုံတို့ကို နာရီဝက်ကျော်ကာလ အတွင်းမှာပင် အကျဉ်းချုပ်နားလည်အောင် စီစဉ်ဟောကြား တော်မူခဲ့ပါသည်။

"ကောင်းကျိုး စံစားရခြင်းဟာ မကောင်းကျိုး ခံစားရတာထက်စာရင် ကောင်းတယ်လို့ ပြောနိုင်ပေမယ့်၊ တကယ် တန်းကျတော့ အကောင်းကြီး မဟုတ်သေးဘူး၊ ကောင်းကျိုး ခံစား စံစား နေရတာ သည်ပင်လျှင် "ဒုက္ခ" ဖြစ်နေသေးတယ်၊ မကောင်းကျိုးရော ကောင်းကျိုးကိုပါ ခံစား စံစားနေရခြင်းက လွတ်မြောက်ပါမှ (ကုသလံကုသလံ ဇဟံ) အဲဒီ ကောင်းကံ ဆိုးကံ အကျိုးတွေ အားလုံးကုန်သွားပါမှ၊ အကောင်းတကာ့အကောင်းဆုံး၊အကောင်း အားလုံး အထွဋ်အထိပ် ရောက်သွားတဲ့ အကောင်းဆုံး (အမတ) (သန္တိသုခ) ကို ရရှိပါမှ၊ ဘုရားရှင် လမ်းညွှန်တော်မူတဲ့ ဒေသနာတော်များနဲ့ဟောကြားတော်မူထားခဲ့တဲ့ ဒေသနာတော်များရဲ့ ရည်မှန်းချက်ပန်းတိုင်ကိုလှမ်းကိုင်မိတာဖြစ်တယ်" လို့

ဆရာတော်၏တရားတော် အသုံးသတ်ကို
ထပ်မံ စံစားကြည့်မိပါသည်။

အမှတ်
ရက်စွဲ
စာကြည့်တိုက်

တုမှေဟိ ကိစ္စံ အာတပ္ပံ
အက္ခာတာရော တထာဂတာ။

*မိမိလွတ်မြောက်ရေးအတွက် မိမိ
တို့ကိုယ်တိုင်သာ အားထုတ် ကျိုးစားကြ
ရသည်၊ ဘုရားရှင်တို့ မည်သည်ကား
ဟောပြောညွှန်ပြရုံသာ ဖြစ်သည်။*

ဘုရားရှင်သည် ဒုက္ခချုပ်ငြိမ်းရာ
ပန်းတိုင်အတွက် မဂ္ဂင်ရှစ်ပါးလမ်းစဉ်ကို
ညီညာဖြောင့်ဖြူးစွာ ခင်းကျင်းပေးတော်မူ
ခဲ့ပါ၏၊ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်
ကာလအတွင်း သူတော်ကောင်းကြီးတို့
အထပ်ထပ် လျှောက်တော်မူခဲ့ကြသဖြင့်
ထိုလမ်းရိုးလမ်းဟောင်းကြီးသည်ကား ဖြူး
လျက်၊ ဖုံလျက်ပင် ရှိနေပါပြီ၊ ထို လမ်းရိုး
လမ်းဟောင်းကြီးကို မမြင်မိသေးသော

ပုဂ္ဂိုလ်များအား ပုရိယတ္တိ၊ ပဋိပတ္တိ သာသနာ ဝန်ဆောင် ဘုရားရှင်၏ သားတော်အသီးသီးတို့က ယခုကဲ့သို့သော ဒေသနာတော်များကို ကျောသားရင်သား မခွဲခြားဘဲ ဟောကြားရှင်းလင်း ဉာဏ်ပွင့် လင်းစေလျက် အကျင့်စခန်းသို့ချဉ်းကပ်မိ အောင် ဆွဲဆောင်လမ်းပြပေးတော်မူလျက် ရှိကြပါသည်။

မည်သူ့ –တာဝန်–ကျန်နေသေးပါ သနည်း၊

ထိုအဖြေကို သင်တို့ ကျွန်ုပ်တို့ အားလုံး သိနေကြပါသည်။

ဓမ္မဒါနစေတနာဖြင့်
*မြန်မာဘာသာပြန်ဆိုသူ*

၁၃၆၂–ခု၊ နတ်တော်လဆန်း(၁)ရက်၊ စာဆိုတော်နေ့၊ ၂၀၀၀ပြည့်နှစ်၊ နိုဝင်ဘာလ(၂၆)ရက်၊ တနင်္ဂနွေနေ့။

# ဖန်တီးရှင်
# (သို့မဟုတ်–ကမ္ဘ)

ဦးအောင်သိန်းညွန့်၊ ဌာနမှူး (စိမံ/ဘဏ္ဍာ)
မြန်မာဘာသာပြန်ဆိုပါသည်။

**ကမ္ဘဆိုသောဝေါဟာရ**

ဆိုင်ရာတာဝန်ရှိသူများက ဘုန်းကြီးကို ကမ္ဘနိယာမ၊ တဖန်ပြန်လည် မွေးဖွားခြင်း (ပဋိသန္ဓေနေခြင်း) နဲ့ ဗုဒ္ဓဒေသနာတော်မှာပါရှိတဲ့ ဆင်းရဲ ဒုက္ခ အကြောင်းတွေကို ရှင်းလင်း ဟောကြား ပေးဖို့ ပန်ကြားခဲ့ကြပါတယ်။ ယခု ဟောပြောမဲ့ ဗုဒ္ဓဒေသနာတော်အားလုံး ဟာဗုဒ္ဓဘာသာဝင်များအတွက်သာမဟုတ် ဘဲ ဗုဒ္ဓဘာသာဝင် မဟုတ်သူများအတွက် လည်းဘဲ စိတ်ဝင်စားစရာကောင်းပါတယ်၊

ဘုန်းကြီးက ထေရဝါဒဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတစ်ပါး ဖြစ်တဲ့အတွက် ထေရဝါဒ ဗုဒ္ဓဘာသာအကြောင်းကို ပြော ဆိုတဲ့အခါတိုင်း အနောက်တိုင်းသားများနဲ့

ပိုမို ရင်းနှီးကျွမ်းဝင်တဲ့ သက္ကတ ဝေါဟာရ များထက် ပါဠိဝေါဟာရများကို ပြောဆို သုံးနှုန်းရတာ ပိုပြီးနှစ်ခြိုက်ပါတယ်၊ ဘာ့ ကြောင့်လဲဆိုရင် ပါဠိဘာသာစကားဟာ မူရင်း ဗုဒ္ဓဒေသနာတော်များကို ထိန်းသိမ်း မှတ်တမ်းတင်ထားတဲ့ဘာသာစကားတစ်ခု ဖြစ်လို့ပါဘဲ၊ ဒါ့ကြောင့်ပါဠိဘာသာစကား ဟာ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များရဲ့ အထွဋ်အမြတ်ထားရာ ဘာသာစကား တစ်ခုဖြစ်လာပါတယ်။

"ကကြီးရေးမသတ်ကမ်၊ မရေးမ" လို့ ပေါင်းထားတဲ့ "ကမ္မ" ဆိုတဲ့ စကား လုံးဟာပါဠိစကားလုံးတစ်လုံးဖြစ်ပါတယ်၊ သက္ကတဘာသာမှာပြောတဲ့ "ကရ်မ"ဆိုတဲ့ စကားလုံးနဲ့ အတူတူ ပါဘဲ ၊ စကားမစပ် ပြောရမယ်ဆိုရင်"ကရ်မ" ဆိုတဲ့စကားလုံး ဟာ သက္ကတ စကားလုံး ဖြစ်တဲ့ အတွက်

ယခု တရားနာ နေကြတဲ့ ဒါယကာ ဒါယိကာမများ စပိန် ဘာသာစကား ပြောတဲ့အခါမှာ "ကရ်မ" မှာပါရှိတဲ့ " ရ် " သံကို ထင်ထင်ရှားရှား အသံထွက်အောင် ရွတ်ဆိုရပါမယ်၊ အမေရိကန်နိုင်ငံမှာ ရွတ်ဆိုသလို ပုံမှန်အသံမျိုးနဲ့ ရွတ်လို့ မရပါဘူး။

**ကမ္မအဓိပ္ပာယ်နှင့်အနှစ်သာရ**

ဟုတ်ပါပြီ၊ ကမ္မဆိုတာ ဘာပါလဲ၊ ကမ္မဆိုတဲ့ စကားလုံးရဲ့ သဒ္ဒါနည်းအရ တိုက်ရိုက် အဓိပ္ပာယ်ကို ပြောရမယ်ဆိုရင် "ပြုလုပ်ခြင်းခံရတဲ့ အရာတစ်ခုခု ၊ ဒါမှမဟုတ် အပြုအမူ၊ အလုပ်" ဖြစ်ပါတယ်၊ ကောင်းတဲ့အလုပ်၊ လိုလား နှစ်သက်ဖွယ် အလုပ်၊ မကောင်းတဲ့အလုပ်၊ မလိုလား မနှစ်သက်ဖွယ် အလုပ်များကို ပြုလုပ်တဲ့

နေရာမှာ ကိရိယာ တန်ဆာပလာအနေနဲ့ ပါဝင်နေတဲ့ စိတ် စွမ်းရည် တစ်မျိုး (ဒါမှမဟုတ်) စေတသိက်တစ်မျိုးကိုလည်း "ကမ္မ" လို့ ခေါ်ပါတယ်၊ ဒါ့ကြောင့်မို့ ကျမ်းဂန်နည်းကျ ပြောရမယ်ဆိုရင် တစ်စုံ တစ်ခုကိုလုပ်တဲ့အခါမှာ စိတ်ထဲမှာ ပေါ် ပေါက်ဖြစ်ပွားလာတဲ့ စေတသိက်တစ်မျိုး ဟာ "ကမ္မ" ပါဘဲ၊ ကောင်းသောအလုပ်၊ ဆိုးသော အလုပ်တစ်ခုခု ပြုလုပ်တဲ့အခါ တိုင်း ဒီစိတ်စွမ်းရည် (ဒါမှမဟုတ်) စေတသိက်ဟာ စိတ်ထဲမှာ ပေါ်လာတာ ချည်းပါဘဲ၊ အဲဒီ စေတသိက်ကလေးဟာ တခြားပူးတွဲ စေတသိက်များနဲ့ စုစည်းပြီး သူကိုယ်တိုင်လည်းဘဲ အာရုံအပေါ်မှာ ပါဝင်ထိတွေ့မှု လုပ်ပါတယ်၊ ဒါ့ကြောင့် ဒီစေတသိက်ဟာ အတန်းခေါင်းဆောင် ကျောင်းသားတစ်ယောက်လို သူကိုယ်တိုင်

လည်း သင်ယူ မှတ်သားပါတယ်၊ အခြား တပည့်တွေကိုလည်းဘဲ သင်ယူမှတ်သားဖို့ တိုက်တွန်း စည်းရုံးပါတယ်၊ ဒီအတိုင်း ပါဘဲ ဒီစေတသိက်ကလေးဟာ အာရုံကို သူကိုယ်တိုင် ပါဝင် ဆက်စပ်ဝင်စားသလို အခြား စေတသိက်များကိုလည်း သူနှင့် အတူ အာရုံပေါ်မှာ ဆက်စပ်ဝင်စားဖို့ တိုက်တွန်း စည်းရုံး ဆောင်ရွက်ပါတယ်၊ ဒီစေတသိက်ကို ပါဠိ လို "စေတနာ" လို့ ခေါ်ဝေါ်ပြီး၊ မြန်မာလို စေ့ဆော်တိုက်တွန်း မှုလို့ ဘာသာပြန်ပါတယ်၊ ဒါ့ကြောင့် ကံလို့ခေါ်တဲ့အရာဟာ အမှန်စင်စစ် ကောင်းတဲ့အလုပ် မကောင်းတဲ့အလုပ် မျှသာမဟုတ်တော့ဘဲ၊ ကောင်းတဲ့အလုပ် ဒါမှမဟုတ် လိုလား နှစ်သက်ဖွယ်အလုပ်၊ မကောင်းတဲ့အလုပ်၊ မလိုလား မနှစ်သက် ဖွယ်အလုပ်များကို လုပ်ကိုင်ဆောင်ရွက်တဲ့

လူတစ်ဦးရဲ့ စိတ်အတွင်းမှာ ပေါ်ပေါက်လာတဲ့ (ဒါမှမဟုတ်) ပူးတွဲကပ်ပါလာတဲ့ ထို "စေတနာ" စေတသိက်ကလေးကိုလည်း ရည်ညွှန်းပါတယ်။

**ကံစွမ်းရည်သတ္တိ**

"စေတနာ" ဟာ စေတသိက်နာမ်တရားတစ်ခုအနေနဲ့ ချက်ချင်းပေါ်ပြီး ချက်ချင်းဆိုသလို ချုပ်ပျောက်သွားပါတယ်၊ ဘုရားရှင်ရဲ့ ဒေသနာတော်များအရ စေတသိက်ဖြစ်စေ၊ ရုပ်ဖြစ်စေ ချက်ချင်းဖြစ်ပေါ်၍ ချက်ချင်းချုပ်ပျောက်တယ်လို့ ဆိုပါတယ်၊ သို့ရာတွင် အခြားစေတသိက်များနဲ့မတူဘဲ "စေတနာ" စေတသိက် ချုပ်ပျောက်တဲ့အခါ သတ္တဝါတွေရဲ့ နာမ်သဘောဖြစ်စဉ်များထဲမှာ စွမ်းရည်သတ္တိဓါတ်များ ကျန်ရစ်ခဲ့ပါတယ်၊ ဒီ စွမ်းရည်

သတ္တိဓါတ်ကို ဘယ်နေရာမှာ ထိန်းသိမ်းထားသလဲဆိုတာ မသိနိုင် မပြောနိုင်ပေမဲ့ အကျိုးပေးဖို့ အဲဒီကံစေတနာ အခွင့်သာလာတဲ့အခါမှာ စေတနာရဲ့အကျိုးတွေ ဖြစ်ပွား ပေါ်ပေါက်လာတော့တာပါဘဲ။

**ကံစေတနာအကျိုးပေးပုံဥပမာ**

ဥပမာအားဖြင့် သရက်ပင်တစ်ပင်မှာ သရက်သီးတွေ သီးနေတယ်ဆိုကြပါစို့ ၊ အပင်ပေါ်က အသီးတွေ မသီးခင်မှာ ဒီအသီးတွေကို ဘယ်နေရာမှာ သိမ်းထားတယ်ဆိုတာမသိပါဘူး၊ ဒီအသီးတွေကို အမြစ်ထဲမှာသိမ်းထားသလား၊ အခေါက်ထဲမှာ သိမ်းထားသလား၊ အကိုင်းထဲမှာ သိမ်းထားသလား၊အရွက်ထဲမှာ သိမ်းထားသလား ၊ ဘယ်နေရာမှာ သိမ်းထားတယ်ဆိုတာကို မပြောနိုင်ပါဘူး၊ ဒါပေမဲ့---

နေရောင်ခြည်၊ စိုထိုင်းမှု၊ ရေ စတဲ့အခြေ အနေတွေ ပေါင်းဆုံမိကြတဲ့အခါမှာတော့ အသီးအပွင့်တွေဟာ သီးပွင့်လာပါတယ်။

**ကံစေတနာ အကျိုးပေးပုံ**

ဒီနည်းအတိုင်းပါဘဲ---- အကျိုး ပေးဖို့ စွမ်းရည်သတ္တိခါတ်ရှိနေတဲ့ ကံဟာ ဒီကံအတွက် အကျိုးပေးဖို့ အခြေအနေ အရပ်ရပ်တွေ ပေါင်းဆုံလာတဲ့အခါမှာ အကျိုးတွေပေးတော့တာပါဘဲ၊ ဒါကိုဘဲ ကံလို့ခေါ်ကြတာပါ၊ သိကြတဲ့အတိုင်း ဒီ ကံဟာ ကောင်းလည်းကောင်းနိုင်ပါတယ်၊ ဆိုးလည်းဆိုးနိုင်ပါတယ်၊ အပြစ်ကင်းပြီး ကောင်းကျိုးပေးနိုင်တဲ့ကံ ဖြစ်နိုင်သလို အပြစ်တွေများပြီး မကောင်းကျိုးတွေ ပေးနိုင်တဲ့ကံလည်း ဖြစ်နိုင်ပါတယ်၊ ကံ စေတနာက အကျိုးတရားတွေပေးတာဟာ

သဘာဝနိယာမ တစ်ခု ဖြစ်ပါတယ်၊ ပြုလုပ်တဲ့ ကံစေတနာကောင်းရင် ကောင်းကျိုးတွေ၊ စိတ်နှလုံးချမ်းမြေ့ဖွယ် အကျိုးရလဒ်တွေကို ဒီကံတွေက ထုတ်လုပ်ပေးပါတယ်၊ပြုလုပ်တဲ့ ကံစေတနာ ဆိုးဝါးတဲ့အခါ ဒါမှမဟုတ် အပြစ်များစွာနဲ့ မကောင်းကျိုးပေးတဲ့ကံကို ပြုမိတဲ့အခါ အဲဒီကံက မကောင်းတဲ့အကျိုးတရားတွေ ခါးသီးနာကျည်းဖွယ်ရာ ရလဒ်တွေကို ပေးမှာဖြစ်တယ်၊ ဒါကို "ကမ္မနိယာမ" လို့ ခေါ်ပါတယ်၊ "ကမ္မနိယာမ" သဘောတရားဆိုတာ ပြုလုပ်သမျှ ကံစေတနာဟာ နောင်ကာလမှာ အကျိုးတရားတွေကို ပေးတယ်ဆိုတဲ့သဘောတရားဖြစ်ပါတယ်၊ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင်တွေ အားလုံးဟာ ဒီ "ကမ္မနိယာမ" သဘောတရားကို ဒီလိုယုံကြည်လက်ခံကြခြင်း ဖြစ်ပါတယ်။

## ကမ္မနိယာမသဘောတရား ဘယ်ကရသလဲ

ဒီကမ္မနိယာမ သဘောတရားကို ဆရာသင်ပြလမ်းညွှန်မှုကို မခံယူရဘဲ ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် ရှာဖွေ တွေ့ရှိခဲ့ပါတယ်၊ သဗ္ဗညုတဘုရားရှင် ဖြစ်တော်မူမယ့် ထိုညမှာ မြတ်စွာဘုရားအလောင်းတော်ဟာ ဗောဓိပင်အောက်မှာ ထိုင်တော်မူခဲ့ပြီးနောက် တစ်ညတာလုံး ကမ္မဋ္ဌာန်းတရား ရှုပွားတော်မူနေခဲ့ပါတယ်၊ သန်းခေါင်ယံကာလအတွင်းမှာ ယခုခေတ်အခေါ်အရ ညဥ့် ၁၀နာရီမှ နောက်နေ့ ၂ နာရီအတွင်းမှာ တစ်ဘဝကသေဆုံးပြီး နောက်တစ်ဘဝမှာ တစ်ဖန် ပဋိသန္ဓေပြန်လည်မွေးဖွားကြတဲ့သတ္တဝါတွေကို မြင်တွေ့နိုင်စွမ်းရှိတဲ့ ထူးခြားလှတဲ့အဘိဉာဏ် အသိဉာဏ် စွမ်းရည်ကို ရရှိတော်မူ

ခဲ့ပါတယ်၊ ရရှိတဲ့အလျောက် သတ္တဝါတစ်ဦးဟာ တစ်ဘဝမှာသေဆုံးပြီး နောက်ဘဝ မကောင်းတဲ့ ဒုဂ္ဂတိဘုံမှာ ပြန်လည်ပဋိသန္ဓေ နေရတာကိုလည်းဘဲ တွေ့မြင်ရပါတယ်၊ အကြောင်းကတော့ ဒီသတ္တဝါဟာ အတိတ်ကာလက မကောင်းတဲ့ကံကို ပြုမိခဲ့တဲ့ အတွက်ကြောင့်ပါဘဲ၊ နောက်သတ္တဝါတစ်ဦးကတော့ ဘဝတစ်ခုက သေဆုံးပြီး ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ သုဂတိဘုံဘဝတစ်ခုမှာ လူသားတစ်ဦးအဖြစ်၊ ဒါမှမဟုတ် နတ်ဘုံသားတစ်ဦးအဖြစ် ပြန်လည် မွေးဖွားတာကိုလည်း တွေ့မြင်တော်မူခဲ့ပါတယ်၊ အဲဒီသတ္တဝါကျတော့ အတိတ်ကာလမှာကောင်းတဲ့ကံကို ပြုခဲ့တဲ့အတွက်ကြောင့် ယခုလို ကောင်းတဲ့သုဂတိဘုံမှာ ပြန်လည် ပဋိသန္ဓေ နေရခြင်းဖြစ်ပါတယ်။

## ဗုဒ္ဓကိုယ်တော်တိုင်တွေ့ရှိသော ကမ္မနိယာမ သဘောတရား

သန်းခေါင်ယံကာလအတွင်းမှာဘဲ ဗုဒ္ဓမြတ်စွာဘုရားရှင်ဟာ ကမ္မနိယာမ သဘောတရားကို ရှာဖွေတွေ့ရှိတော်မူခဲ့ပါတယ်၊ ဒါ့ကြောင့် ဗုဒ္ဓမြတ်စွာရဲ့ကမ္မနိယာမ ဒေသနာတော်ဟာ အခြားမည်သည့် ဘာသာ ဒေသနာတစ်ခုကမှ အငှားကူး ယူခဲ့ခြင်း မဟုတ်ဘဲ၊ မြတ်စွာဘုရားရှင်ရဲ့ အတုမဲ့ ဉာဏ်စွမ်းတော်မှ ပေါ်ထွက်လာ ခြင်းဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်၊ ဗုဒ္ဓဘာသာ ကျမ်းစာများ အဆိုအရ ကတော့ သဗ္ဗညုတဘုရားရှင်များသာလျှင် ကံနဲ့ပတ်သက်ပြီး အရာခပ်သိမ်းကို သိမြင် နားလည်နိုင်စွမ်းရှိတယ်လို့ ဖော်ပြထားပါ တယ်၊ ကံနဲ့ပတ်သက်ပြီးတော့ အလုံးစုံကို သိမြင် နားလည်ဖို့ ဆိုတာ ဗုဒ္ဓမြတ်စွာရဲ့

ဇေတဒဂ်ရ အတော်ဆုံးတပည့်သာဝကများ တောင်မှ စွမ်းနိုင်ခြင်း မရှိကြပါဘူး၊ ဒါ့ကြောင့်မို့ ကံနဲ့ ပတ်သက်တာမှန်သမျှ နားမလည်နိုင်ဘူးဆိုရင် စိတ်မပျက်သင့် ကြပါဘူး၊ ဘာကြောင့်လဲဆိုတော့ ကံနဲ့ ပက်သက်ပြီး အရာခပ်သိမ်းကို နားလည် ဖို့ဆိုတာဟာ ဘုန်းကြီးတို့ရဲ့ အရာမဟုတ် လို့ပါဘဲ။

**ကံကျိုးပေးချိန်ကာလ(၃)မျိုး**

ကံအမျိုးမျိုးရှိကြပါတယ်၊ ဒီဘဝမှာ အကျိုးပေးတဲ့ကံရှိသလို နောက်ဆက်တိုက် ဘဝကျမှ အကျိုးပေးတဲ့ ကံတစ်မျိုးလည်း ရှိပါသေးတယ်၊တတိယဘဝက စပြီးတော့ မှ သံသရာမှ လွတ်မြောက်သွားတဲ့ ကာလ အထိ အကျိုးပေးတတ်တဲ့ နောက်ကံတစ် မျိုးလည်း ရှိနေပါသေးတယ်၊ အဲဒီ ကံ

သုံးမျိုးဟာ အကျိုးပေးဖို့အခါ ကျရောက်တဲ့ ကာလအတွင်းမှာ အကျိုးပေးရမယ့် အခွင့်အလမ်း မရှိတော့တဲ့အခါ ကံစွမ်းဆက်လက်မရှင်သန်တော့တဲ့ ဟောသိကံဆိုတာလည်းရှိနေပါသေးတယ်၊ ဒါကြောင့် ကံကျိုးပေးခြင်းဟာ အနာဂတ်ဘဝတွေမှာသာပေးတာမဟုတ်ပါဘူးလက်ရှိလက်ငင်းဘဝမှာလည်းဘဲ ကံကျိုးပေးနိုင်ပါတယ်။

**လက်ငင်းကံလည်းအကျိုးပေးတတ်**

ဒီဘဝမှာ ကံရဲ့အကျိုးရလာဒ်တွေကိုခံစားရရှိပါတယ်လို့ ပြောတတ်ကြတဲ့ လူအချို့လည်းရှိနေကြပါတယ်၊ ဘုန်းကြီးသီတင်းသုံးတဲ့ ဖလော်ရီဒါမှာ မြန်မာဒါယိကာမကြီးတစ်ဦး ရှိပါတယ်၊ သူ့သမီးဖြစ်သူဟာ အာရုံကြောအထူးကုအမေရိကန်လူမျိုး ဆရာဝန်ကြီးတစ်ဦးနဲ့

အိမ်ထောင်ပြုထားပါတယ်၊ဒါယိကာမကြီး ရဲ့ မွေးနေ့မှာ အမေရိကန်လူမျိုး သားသမက်ဖြစ်သူက မာစီဒီးကား တစ်စီးကို မွေးနေ့လက်ဆောင်အဖြစ် အဲဒီ ဒါယိကာ မကြီးကို ပေးပါတယ်၊ ဒါယိကာမကြီးက မာစီဒီးကားပိုင်ဆိုင်ဖို့ မျှော်လင့်မထားတဲ့ အတွက် အံ့သြသွားပါတယ်၊ အဲဒီ ဒါယိကာမကြီးက ဘုန်းကြီးကိုလျှောက်ပါ တယ်၊ ဒီဘဝမှာ ကောင်းတဲ့အရာ တစ်ခုခု ကို လုပ်နေပြီးလုပ်နေခဲ့တဲ့ အတွက်ကြောင့် မာစီဒီးကားကို လက်ဆောင်ရတယ်လို့ ဘုန်းကြီးကိုလျှောက်ပါတယ်၊ ဖြစ်ပုံက ဒီလိုပါ၊ ဒီ ဒါယိကာမကြီးက ကားမရှိတဲ့ အဖိုးကြီး အဖွားကြီး ဓနီးမောင်နှံကို စေတနာသက်သက်နဲ့ သွားလိုရာကို သူ့ ကားနှင့် ပို့ပေးလေ့ ရှိပါတယ်၊ တစ်ပတ်တစ်ခါ စားသောက်ဖွယ်ရာများ

ဝယ်ခြမ်းဖို့ စတိုးဆိုင်တွေကို သူ့ကားနဲ့ဘဲ အိမ်ပြန်ပို့ပေးနေတာ နှစ်အတော်ကြာပြီ လို့ ဆိုပါတယ်၊ ဒီဘဝမှာ အခုသူလုပ်တဲ့ ဒီကောင်းကံရဲ့ အကျိုးကျေးဇူးကြောင့် ဒီ ဘဝ တူမျှတဲ့ ကံ အကျိုးကျေးဇူးကိုရ ကြောင်း ဒါယိကာမကြီး ယုံကြည်နေပါ တယ်၊ ဒါကြောင့်မို့ ဒီလက်ငင်းဘဝမှာဘဲ အကျိုးပေးမယ့်ကံတွေ အများကြီးရှိတယ် ဆိုတာသေချာပါတယ်၊ ဒီလိုဆိုရင် ဒီဘဝ မှာ မကောင်းကျိုးတွေကို ပေးတတ်တဲ့ မကောင်းကံတွေ အကြောင်းကိုလည်း စဉ်းစားရနိုင်ပြီလို့ ဘုန်းကြီး မျှော်လင့် ပါတယ်။

# ၃၉

**ဆိုးကံကြုံက**
**သူတစ်ပါးကိုအပြစ်မတင်ရ**

ကမ္မနိယာမ သဘောတရားကို နားလည်ခြင်းဟာကိုယ့်အားကိုယ့်ကိုးစိတ်၊ မိမိကိုယ်ကိုတာဝန်ယူစိတ်တွေကို မွေးဖွား ပေးပါတယ်၊အကြောင်းကတော့ လွန်ခဲ့တဲ့ အချိန်က မိမိလုပ်ခဲ့တဲ့ ကံရဲ့ အကျိုး ရလဒ်အနေနဲ့ ချမ်းသာမှုကိုလဲ ခံစား ရပါတယ်၊ ဆင်းရဲမှုကိုလဲ ခံစားရပါတယ်၊ ဒီဘဝမှာ ချမ်းသာခံစားရသမျှဟာ အမှန် စင်စစ် လွန်ခဲ့တဲ့အချိန်က မိမိပြုခဲ့တဲ့ ကောင်းကံရဲ့ အကျိုးရလဒ်တွေ ဖြစ်ပါ တယ်၊ ဒီအတိုင်းပါဘဲ ယခု ဆင်းရဲခံရ သမျှဟာ အရင်အချိန်က လုပ်ခဲ့တဲ့ ကံတွေရဲ့ ရလဒ်ဘဲဖြစ်ပါတယ်၊ ဒီလို ဆိုရင် ဒီဘဝမှာ အဆိုးတွေနဲ့ ကြုံရခြင်း၊ အရှုံးတွေနဲ့ ရင်ဆိုင်ရခြင်းအတွက် အခြား

တစ်ပါးသူကို အပြစ်ပုံချစရာ မရှိတော့ဘူးပေါ့၊ အပြစ်တင်ချင်တယ် ဆိုရင်လည်း မိမိရဲ့ ကံကိုသာ အပြစ်တင်စရာ ရှိပါတော့တယ်။

ကံဆိုတာဟာ အကျိုးပေးတတ်တဲ့ အရာဖြစ်ပါတယ်၊ ဘုန်းကြီးတို့ တစ်တွေဟာ ကံကိုစီမံဖန်တီးသူများ ဖြစ်ကြတဲ့ အလျောက်ဖြစ်ပေါ်လာမဲ့ အကျိုးတရားတွေကို ဖန်တီးသူများဖြစ်တယ်ဆိုတာ သေချာပါတယ်၊ ဒါကြောင့်ကိုယ်ရဲ့ အနာဂတ်ကို စီမံဖန်တီးသူ အရှင်သခင်ဟာ ကိုယ်သာ ဖြစ်ပါတော့တယ်၊ မိမိတို့ရဲ့ အနာဂတ်ဘဝကို မိမိတို့ ပုံလောင်းနိုင်ကြပါတယ်၊ ဒီနေရာမှာ ဘုန်းကြီး ကိုယ့်ဘာသာကိုယ် တွေးကြည့်မိပါတယ်၊ တို့တတွေဟာ --- လွတ်လပ်နေကြသူတွေပါလား၊ ကိုယ့်ရဲ့ ကောင်းမွန်တဲ့ အနာဂတ်အတွက် တစ်ခြား

သူ တစ်ဦးဦးကိုမှီခို အားထားပြုစရာ မလို ပါလားလို့ ဆိုတာပါဘဲ၊ စဉ်းစားကြည့်ပါ၊ ကိုယ့်ရဲ့အနာဂတ်ကောင်းဖို့ဘဲ ဖြစ်ဖြစ်၊ ဆိုးဖို့ဘဲဖြစ်ဖြစ် ကိုယ်တစ်ဦးတည်းက သာလျှင် စီမံဖန်ဆင်းနိုင်တယ် မဟုတ် လား။

**ကောင်းစားလိုလျှင်၊ ကံကိုပြင်**

မိမိရဲ့ဒုက္ခနဲ့ သုခကို ခံစားစံစားဖို့ အတွက် မိမိတစ်ဦးတည်းသာလျှင် တာဝန် ရှိတယ်လို့ နားလည်လိုက်တဲ့အခါမှာ သုခ ကိုသာစံစားရရှိပြီး ဒုက္ခကိုမခံစားရအောင် ကိုယ့်အနာဂတ်ကို ကိုယ့်ဘာသာပုံသောင်း နိုင်တယ်ဆိုတာ နားလည်သွားတော့တာပါ ဘဲ၊ ခါးသီးဆိုးဝါးတဲ့ အကျိုးရလဒ်တွေ ကို ပေးမဲ့ကိစ္စတွေကို မလုပ်ဘဲရှောင်ဖို့ တော့ လိုပါတယ်၊ ဆိုလိုရင်းကတော့

ကမ္မနိယာမ သဘောတရားကို နားလည်သိရှိခြင်းဟာ မဟုတ်တာတွေ၊ မကောင်းတာတွေကို မလုပ်မိဘဲ ရှောင်ကြဉ်ဖို့ ကိုယ့်ကိုဒုက္ခပေးမယ့် ကိစ္စတွေကို မလုပ်မိဘဲ ရှောင်ကြဉ်ဖို့ တစ်ပါးသူတွေကို အန္တရာယ်ပေးမယ့် ထိခိုက်နစ်နာစေမယ့် ကိစ္စတွေကို မလုပ်မိဘဲ ရှောင်ကြဉ်ဖို့ နည်းပြလမ်းညွှန်ပေးသွားပါလိမ့်၊ ဒီလိုဆိုရင် မိမိလက်ရှိဘဝ အနာဂတ်ကာလတိုးတက်အောင် စီမံလုပ်ဆောင်နိုင်သလို လာမယ့် အနာဂတ်ဘဝတွေ အတွက်လည်းဘဲ မိမိကိုယ်တိုင်ပုံသွင်း နိုင်စွမ်းရှိသွားပါပြီ၊ ဒီလိုဆောင်ရွက်နိုင်စွမ်းရှိခြင်းဟာကမ္မနိယာမသဘောတရားကို နားလည်သိရှိခြင်းကြောင့်လည်းဖြစ်ပါတယ်။

**ကံသာလျှင် အကြောင်းခံတရား**

ကံကအကျိုးပေးတယ်ဆိုတာဟုတ်ပါပြီ၊ ကံရှိနေသေးသမျှ အကျိုးပေးခြင်းလည်း ရှိနေအုံးမှာပါဘဲ၊ ဘုရားရဟန္တာမဖြစ်သေးသမျှ အတိတ်ကပြုမိခဲ့တဲ့ ကံအကျိုးကွင်းဆက်တွေထဲက ဘယ်သူမှ မလွတ်မြောက်နိုင်ကြပါဘူး၊ ဒါကြောင့်မို့ လူတစ်ဦးဟာ နောက်တစ်ဘဝမှာပဋိသန္ဓေနေရတဲ့အခါမှာပဋိသန္ဓေဘဝဟာ အတိတ်က ထိုသူပြုခဲ့တဲ့ ကံရဲ့ အကျိုးတရားပါဘဲ၊ အတိတ်ဆိုတဲ့နေရာမှာ လွန်ခဲ့တဲ့ တစ်ဘဝကဖြစ်စေ ဒါမှမဟုတ် အဲဒီဘဝထက် ရှေးကျတဲ့ အရင်ဘဝတွေကဖြစ်စေ ကာလကို ဆိုလိုခြင်းဖြစ်ပါတယ်၊ လူတစ်ဦး ပဋိသန္ဓေနေတယ်လို့ ဆိုတဲ့ အခါမှာ အတိတ်ကာလ က ထိုသူပြုခဲ့တဲ့

ကံရဲ့ အကျိုးတရားအနေနဲ့ တဖန်ပြန်လည် မွေးဖွားရခြင်းဘဲ ဖြစ်ပါတယ်။

**မွေးသေကြားမှာ နယ်ခြားမရှိ**

ထေရဝါဒဗုဒ္ဓဘာသာ ဒေသနာတော်အရ ပြောရမယ်ဆိုရင် ပဋိသန္ဓေ စွဲယူခြင်းဟာ သေဆုံးခြင်းရဲ့နောက်မှာ ဆက်တိုက်ဖြစ်ပေါ်တယ်လို့ ပြောပါတယ်၊ တစ်ဘဝမှာ သေဆုံးခြင်းနဲ့ နောက်တစ်ဘဝမှာ တစ်ဖန် ပဋိသန္ဓေ နေခြင်းတို့ရဲ့အကြားမှာ ကွာခြားတဲ့ ကာလမရှိပါဘူး၊ မိုင်ထောင်ပေါင်းများစွာ ဝေးကွာတဲ့တစ်နေရာမှာ လူတစ်ဦးဟာ တဖန် ပြန်လည် မွေးဖွားနိုင်ပါတယ်၊ အင်္ဂလန်မှာ သေဆုံးခဲ့တဲ့ လူတွေဟာ သြစတေးလျမှာ တဖန်ပြန်လည် မွေးဖွားကြတယ်ဆိုတဲ့ အထောက်အထားတွေ အများကြီးရှိပါတယ်၊ မိုင် ထောင်ပေါင်း

များစွာ ဝေးကွာမှုရှိနိုင်သော်လည်း တစ်ဘဝသေဆုံးမှုနဲ့ နောက်ဘဝ မွေးဖွားမှုကြားမှာ ကာလ တစ်စုံတစ်ရာ ခြားခြင်းမရှိပါဘူး၊ ဗုဒ္ဓဘာသာ အဘိဓမ္မာကျမ်းများအလိုအရ သေဆုံးပြီးတဲ့နောက်မှာပြန်လည် မွေးဖွားခြင်း ဆက်တိုက်ချက်ချင်း ဖြစ်ပါတယ်၊ နောက်ဘဝမှာမွေးဖွားခြင်းဟာ ရှေးဘဝမှာသေဆုံးခြင်းရဲ့အကျိုးဆက် မဟုတ်ဘူးဆိုတာကိုတော့နားလည်ထားရပါမယ်၊ နောက်ဘဝမှာမွေးဖွားခြင်းဟာ အတိတ်ကာလတွေမှာရှိခဲ့တဲ့ကံရဲ့အကျိုးရလဒ်ဖြစ်ပါတယ်၊ လူတွေမကြာခဏ လွဲမှားနားလည်ကြတဲ့ အချက်ကတော့ မွေးဖွားခြင်းကို သေဆုံး ခြင်းကဖြစ်ပေါ်စေတယ်လို့ထင်မြင်နေ တတ်ကြခြင်းပါဘဲ၊ပဋိသန္ဓေစိတ်ဖြစ်ပေါ်နိုင်အောင်စုတိစိတ်က ချုပ်ပျောက်ပေးရတယ်လို့

ဆိုလိုမှသာ သေဆုံးခြင်းက တစ်ဖန် ပြန်လည်မွေးဖွားခြင်းကို စီရင် အထောက် အကူပြုတယ်လို့ ပြောနိုင်ပါတယ်၊ (အဘိ ဓမ္မာ ရှစ်ကျမ်းအနက် (၇)ကျမ်းမြောက် ပဋ္ဌာန်းကျမ်းမှာ ဒီအချက်ကို အနန္တရ ပစ္စည်းလို့ ခေါ်ဆိုထားပါတယ်) သေဆုံး ခြင်းဟာ ဘဝရဲ့ ခဏတာကာလမျှသာ ဖြစ်ပါတယ်၊ ဒီဘဝရဲ့ နောက်ဆုံး ခဏတာ ကာလမျှသာပါဘဲ၊ ဒီနောက်ဆုံး ခဏတာ ကာလမတိုင်ခင် သေလုမျောပါး ဖြစ်နေသူ ရဲ့ စိတ်ဟာ မိမိပြုခဲ့သော ကံရှိန်စွမ်းများ အရ ထိုသူရဲ့စိတ်အာရုံမှာထင်မြင်ရိုက်ခတ် လာတဲ့ အာရုံအမျိုးအစားအချို့က လွှမ်းခြုံ နေရာယူခြင်းခံနေရပါတယ်၊ ဒီအာရုံတွေရဲ့ ဂုဏ်သတ္တိတွေဟာ အသစ်ထပ်မံ မွေးဖွား လာမယ့် ပဋိသန္ဓေဘဝကို စီမံပုံဖော်တဲ့ နေရာမှာ အရေးပါတဲ့ အခန်းကဏ္ဍမှာ

ပါဝင်ကြပြီး၊ ဘဝရဲ့ အကောင်း အဆိုး ပုံသဏ္ဌာန်များကိုလည်း အဆုံးအဖြတ်ပေး တတ်ကြပါတယ်၊ ဒါကြောင့် လွန်ခဲ့တဲ့ ဘဝ သို့မဟုတ် ထိုဘဝရဲ့ ရှေးကျတဲ့ ဘဝတွေမှာ ပြုခဲ့သော ကံတွေဟာ ဆက် တိုက်ဖြစ်ပေါ်လာတဲ့ နောက်ဘဝရဲ့ ပဋိ သန္ဓေကို အထောက်အပံ့သဘောနဲ့ အကျိုး သက်ရောက်မှု ဖြစ်စေပါတယ်။

**ခဏတိုင်းမှာ မွေးသေနေကြရ**

အမှန်တကယ်တော့ ဘုန်းကြီးတို့ ယခုအသက်ရှင်နေဆဲ ကာလတွေမှာပင် ခဏလေး တစ်ခု ချုပ်ပျောက်ပြီး နောက် ခဏလေးတစ်ခု ဖြစ်ပေါ်ခြင်းဟာ ဆက် တိုက်လိုလို ဖြစ်နေကြပါတယ်၊ မြတ်စွာ ဘုရားရှင်ရဲ့ ဒေသနာတော်များအရဆိုရင် တော့ ဘုန်းကြီးတို့အားလုံးဟာ ယခုလက်ရှိ

ဘဝမှာပင် ခဏတိုင်းခဏတိုင်းမှာ မွေးနေ
သေနေကြရပါတယ်၊ ဘုန်းကြီးယခုစကား
ပြောနေတုန်းမှာစကားလုံးတွေကို နားကြား
ကြရပါတယ်၊ပြောနေတဲ့စကားလုံးများဟာ
လျှင်မြန်စွာချုပ်ပျောက်ကြပါတယ်၊ စကား
လုံးများကို နားစိုက်ထောင်နေခြင်းဟာ
လည်း အလွန်လျှင်မြန်စွာ ဖြစ်ပေါ်လိုက်
ချုပ်ပျောက်လိုက်ဖြစ်နေပါတယ်၊ဒါ့ကြောင့်
မို့ ခဏတိုင်း ခဏတိုင်းမှာ အသစ် အသစ်
သော ရုပ်နာမ်အစုံအစုံများဟာ ဖြစ်ပေါ်
ဖြစ်ပေါ်နေကြပြီး၊ ချက်ချင်းဘဲချုပ်ပျောက်
ချုပ်ပျောက်နေကြပါတယ်၊ နောက်ခဏမှာ
လည်း အသစ်အသစ် ရုပ်နာမ်အစုံအစုံများ
ဟာ ဖြစ်ပေါ်ဖြစ်ပေါ်နေကြပြီး ဆက်တိုက်
ပဲ ချုပ်ပျောက် ချုပ်ပျောက်နေကြပါတယ်၊
ဒီလိုနဲ့ဘဲ ဘုန်းကြီးတို့ အသက်ရှင်နေ
သမျှကာလပတ်လုံး ဖြစ်ပေါ်မှုတွေ ချုပ်

ပျောက်မှုတွေ ဆက်တိုက် ဆက်တိုက် ဆိုသလို ဖြစ်နေကြပါတယ်၊ လက်ရှိ ဘဝ မှာပင်လျှင် ရုပ်နာမ်တို့ရဲ့ ခဏတာကာလ တစ်ခုနဲ့ တစ်ခုကြားမှာ အရပ်၊ အနား၊ အတား၊ အဆီး၊ အပိတ်၊ အဆို့မရှိဘဲ နောက်ထပ် ရုပ်နာမ်ခဏတစ်ခုက လိုက် လိုက်ပြီး ဆက်တိုက်ဖြစ်ပေါ် ချုပ်ပျောက် နေတယ်လို့ နားလည်နိုင်မယ်ဆိုရင်တော့ ဒီဘဝနဲ့ နောက်ဘဝဆိုတာကို နားလည် နိုင်ပါပြီ။

အမှန်တကယ်တော့ ဒီဘဝနဲ့ နောက်ဘဝဆိုတာဟာ ခဏတာကာလ ကလေး တစ်ခုမျှသာ ကွာခြားပါတယ်၊ သေဆုံးတဲ့ ခဏတာကာလမှာ ဒီဘဝလို့ ခေါ်တာပါဘဲ၊ ဆက်တိုက်ဖြစ်ပေါ်လာတဲ့ နောက် ခဏတာကာလကလေးကို ရောက် တော့ ဘဝသစ်၊ ဒါမှမဟုတ်နောက်ဘဝလို့

ခေါ်လိုက်ကြပါတယ်၊ ဒါဟာ ပညတ်ဝေါဟာရအားဖြင့် သုံးနှုန်းလိုက်ခြင်းဘဲဖြစ်ပါတယ်၊ အမှန်စင်စစ် တစ်ဘဝမှာသေဆုံးပြီး နောက်ဘဝမှာ မွေးဖွားခြင်းဟာ ဘဝတာကာလအတွင်းမှာ ခဏကာလကလေးတစ်ခုနဲ့ နောက်ခဏတာကာလ ကလေးတစ်ခု ဆက်တိုက်ဖြစ်ပေါ်လာတာမျိုးနဲ့ တထပ်တည်း ဆိုသလိုမျိုးဖြစ်ပါတယ်၊ ကွာခြားချက်မရှိလှပါဘူး။

**နှစ်ဟောင်းနှစ်သစ်ဆိုသည်မှာ**
**ရှေ့တစ်စက္ကန့်နှင့်နောက်တစ်စက္ကန့်မျှသာ**

ဟုတ်ပါ့ပြီ၊ ဒီဇင်ဘာလ (၃၁) ရက်ရဲ့ သန်းခေါင်ယံ ညဥ့် (၁၂) နာရီထိုးပြီးတဲ့နောက် တစ်စက္ကန့်ကို ဘုန်းကြီးတို့ အားလုံးက နေ့သစ်လို့လည်း ခေါ်ပါတယ်၊ လသစ်လို့လည်း ခေါ်ပါတယ်၊

နှစ်သစ်လို့လည်းဘဲခေါ်ပါတယ်၊ ဒါပေမဲ့ အမှန်တကယ်က နှစ်ဟောင်းနဲ့ နှစ်သစ်ကြားမှာ တစ်စက္ကန့်မျှသာ ခြားနားမှုရှိပါတယ်၊တကယ်တန်း ပြောရမယ်ဆိုရင် ရှေ့ကဖြစ်တဲ့ ခဏတာ ကာလကလေးဟာ နှစ်ဟောင်းဖြစ်ပြီး နောက်က ဆက်တိုက်ဖြစ်ပေါ်လာတဲ့ ခဏတာကာလကလေးဟာ နှစ်သစ်လို့ဆိုလို့ မရပါဘူး၊ ဒါပေမယ့် ဘုန်းကြီးတို့ အားလုံးက အဲဒီရှေ့ကဖြစ်ခဲ့တဲ့ခဏတာကာလကလေးကို နှစ်ဟောင်းလို့ခေါ်ဖို့ သဘောတူနှစ်ခြိုက်ကြတယ်၊ နောက်က ဆက်တိုက်ဖြစ်လာတဲ့ ခဏတာကာလ ကလေးကိုလည်း နှစ်သစ်လို့ခေါ်ဖို့ သဘောတူ နှစ်ခြိုက်ကြတယ်၊ ဒီတော့ ဘုန်းကြီးတို့ အားလုံးက နှစ်သစ်သို့ရောက်ပြီလို့ ပြောကြတာပေါ့၊ ဒါပေမယ့် အမှန်တကယ် နှစ်ဟောင်းရဲ့သန်းခေါင်းယံ

နောက်ဆုံး အချိန်က ကြည့်မယ်ဆိုရင် နှစ်သစ်ဟာ တစ်စက္ကန့်လေးမျှသာဘဲ ကွာခြားတာ မဟုတ်လား။

**ဘုရားရဟန္တာပရိနိဗ္ဗာန်မစံမချင်း ဖြစ်မြဲချုပ်မြဲ**

ထိုနည်းတူပါဘဲ၊ ဘဝတစ်ခု သေဆုံးပြီးတဲ့နောက် သတ္တဝါတွေ တဖန် ပြန်လည် မွေးဖွားကြရာမှာ သေဆုံးခြင်းရဲ့နောက်မှာ ခဏတာလေးတစ်ခုမျှသာ ဖြစ်ပေါ်ရခြင်းပါ၊ နာမ်နဲ့ရုပ်များ ဖြစ်ပေါ်ခြင်း ချုပ်ပျောက်ခြင်းဟာ ဘုရားရဟန္တာဖြစ်ပြီး အဲဒီဘုရားရဟန္တာ ပရိနိဗ္ဗာန်ပြုတော်မူသွားတဲ့အချိန်ကာလအထိ မရပ်မနား ဆက်တိုက်ဆက်တိုက် ဖြစ်ပေါ်နေကြပါတယ်၊ ဒီနေရာမှာလည်းဘဲ ကံက ပဋိသန္ဓေကို ဖြစ်ပေါ်စေတာပါဘဲ၊ဒါကြောင့် ယခုထက်

ကောင်းမွန်တဲ့ သုဂတိဘုံဘဝ တစ်ခုခုမှာ တစ်ဖန် ပဋိသန္ဓေ နေရလေအောင် ဒီဘဝမှာ ကံနဲ့ ပက်သက်တဲ့ တစ်စုံတစ်ခုကို ဘုန်းကြီးတို့ ဆည်းပူး အားထုတ် နိုင်ကြပါတယ်။

**သေသူမွေးသူ၊ အတူတူလား**

ပဋိသန္ဓေအကြောင်းကို ပြောတဲ့ အခါမှာ ဒီလူသေပြီး ဒီလူဘဲ တစ်ဖန် ပြန်လည်မွေးဖွားသလားဆိုတာကို လူများက သိလိုကြပါတယ်၊ ဒီနေရာမှာ "သူလည်း မဟုတ် နောက်လူလည်းမဟုတ်" ဆိုတဲ့ ဆိုရိုးစကားနဲ့ ဖြေကြားပါ့မယ်၊ နောက်ဘဝမှာ ပဋိသန္ဓေနေတယ်ဆိုတဲ့ လူတစ်ယောက်ဟာ ရှေးဘဝကသေဆုံးခဲ့တဲ့ လူလည်းမဟုတ်၊ နောက်ထပ်အသစ် ဖြစ်ပွားလာတဲ့ လူလည်းမဟုတ်၊ အရင်ဘဝက

သေဆုံးခဲ့တဲ့လူနှင့်လည်း လုံးလုံးမသက်ဆိုင်လို့ မပြောနိုင်ပါဘူး ၊ ဒါ့ကြောင့်မို့ "သူလည်း မဟုတ် ၊ နောက်လူလည်း မဟုတ်" (န စ သော၊ န စ အညော) ဆိုတဲ့ ဆိုရိုးစကားကို သုံးနှုန်းရခြင်း ဖြစ်ပါတယ်၊ ပဋိသန္ဓေစွဲယူဆဲ ခဏတာ ကာလမှာ ဖြစ်ပွားပုံက ဒီလိုပါ၊ ကံ အကြောင်းတရားက နာမ်နဲ့ ရုပ်စွမ်းရည် အချို့ကို ဖြစ်ပေါ်စေပါတယ်၊ အဲဒီလို ဖြစ်ပေါ်လာခြင်းကိုဘဲ ပဋိသန္ဓေနေတယ် လို့ ဆိုရပါတယ်၊ ဒီလိုဆိုတော့ ဖြစ်ပေါ်လာတဲ့ နာမ်နဲ့ရုပ်၊ ဒါမှမဟုတ် ပဋိသန္ဓေစွဲယူဆဲ ခဏမှာ ဖြစ်ပေါ်လာတဲ့ အရာများဟာ အရင်ဘဝက သယ်ဆောင်လာတဲ့ တစ်စုံတစ်ရာ မဟုတ်တော့ ပါဘူး။

## လည်ဆွဲပုတီးပမာ ရုပ်နာမ်သံသရာ

ဗုဒ္ဓဒေသနာတော်များအရ ဒီဘဝက နောက်ဘဝကို ဘယ်အရာမှကူးပြောင်းလာခြင်းမရှိပါဘူး၊ သို့ပေမဲ့လဲ အတိတ်ဘဝက ပြုစီမံခဲ့သော တစ်စုံတစ်ခုခုရဲ့ အကျိုးရလဒ်အနေနဲ့ အနာဂတ်ဘဝမှာ အကျိုးတရားများ ဖြစ်ထွန်းကြပါတယ်၊ အတိတ်ဘဝက ပြုစီမံတဲ့ အရာများဟာ အကြောင်းအကျိုးအနေနဲ့ ဆက်သွယ်ပေါင်းယှက်မှု ရှိပါတယ်၊ ပုတီးတစ်ကုံး၊ ဒါမှမဟုတ် လည်ဆွဲတစ်ခုကို စဉ်းစားကြည့်က သိနိုင်ပါတယ်၊ ပုတီးကုံး လည်ဆွဲကုံးလေးတွေမှာပုတီးလုံးလေးများ ရှိကြပါတယ်၊ ဒီပုတီးလုံးလေးတွေဟာ တစ်လုံးနဲ့တစ်လုံး တခြားစီမှန်းလည်း သိသာပါတယ်၊ ဒါပေမယ့် ဒီပုတီးလုံးလေးတွေကို သီထားတဲ့ ကြိုးတစ်ချောင်း

ရှိပါတယ်၊ ဒါကြောင့်မို့ ပုတီးလုံးလေးတွေကို တစ်ကုံးတည်းလို့ မှတ်ယူကြပါတယ်။

ဒီနည်းအတိုင်းပါဘဲ၊ ခဏတိုင်းခဏတိုင်း ကာလကလေးတွေမှာ ဖြစ်ပေါ်လာတဲ့ ရုပ်နဲ့နာမ်တွေဟာ အသစ်အသစ်တွေချည်းပါဘဲ၊ ခဏတိုင်း ခဏတိုင်းမှာလည်း အသစ်အသစ်တွေ ဖြစ်ပေါ်နေကြပါတယ်၊ သို့ပေမဲ့လည်း ရုပ်နဲ့နာမ်ဖြစ်ပေါ်မှု ဖြစ်စဉ်တစ်လျှောက်မှာ ကြိုးနဲ့တူတဲ့ အရာတစ်ခုရှိပါတယ်၊ အဲဒါကတော့ အကြောင်းတရားနဲ့အကျိုးတရား ဆက်စပ်နေခြင်းသဘောပါ၊ ဒါကြောင့် တစ်စုံတစ်ရာသော အကြောင်းတရားက အကျိုးတရားတစ်ခုကို ဖြစ်ထွန်းအောင် ပြုစီမံလိုက်တဲ့အခါမှာအဲဒီအကျိုးတရားဟာ သူ့အကျိုးတရားထဲမှာဘဲ အကြောင်းတရားနဲ့

ဆိုင်တဲ့ သီခြားလက္ခဏာများ ပါဝင်လာရပါတယ်၊ ဒီနည်းအားဖြင့် ပရမ်းပတာကြုံရာဖြစ်ပွားတတ်တဲ့ ဖြစ်ပေါ်မှုတွေ ချုပ်ငြိမ်းမှုတွေ၊ ချုပ်ပျောက်မှုတွေ ပေါ်ပေါက်ခြင်းမျိုးမရှိပါဘူး၊ ဒါမှမဟုတ် ငါ့ကံက သူ့ကို အကျိုးပေးလိမ့်မယ်၊ သူ့ကံကလည်း ငါ့ကို အကျိုးပေးလိမ့်မယ် စတဲ့ ပရမ်းပတာ ကြောင်းကျိုးဆက်ဖြစ်ပွားမှုတွေလည်း ပေါ်ပေါက်လာခြင်း မရှိပါဘူး၊ ဘာ့ကြောင့် မဖြစ်သလဲဆိုရင် ခဏတိုင်းခဏတိုင်းမှာ ရုပ်နဲ့နာမ်တို့ရဲ့ ဖြစ်ပေါ်မှုတွေ ချုပ်ပျောက်မှုတွေ တစ်လျှောက်လုံး အကြောင်းနဲ့အကျိုး စနစ်တကျ ဆက်နွှယ်ပြီး ဖြစ်ပေါ်နေတဲ့ ဒီလမ်းကြောင်း ရှိနေလို့ ပါဘဲ။

## ရုပ်နာမ်မှန်သမျှ ဒုက္ခချည်းသာ

ရုပ်နဲ့ နာမ် ဖြစ်ပွားပေါ်ပေါက်လာတဲ့အခါမှာ၊ ဒါမှမဟုတ် ပဋိသန္ဓေစွဲယူဆဲ ခဏတာ ကာလကလေးမှာ အဲဒီပဋိသန္ဓေကို မြတ်စွာဘုရားရှင်က ဒုက္ခလို့ အမည်ပညတ် တပ်တော်မူပါတယ်၊ ဒီဒုက္ခဆိုတဲ့ စကားလုံးကို လူအများစုက မကြိုက်နှစ်ကြပါဘူး၊ ခင်ဗျားတို့ ဗုဒ္ဓဘာသာဝင်တွေဟာတစ်ချိန်လုံး ဒုက္ခအကြောင်းချည်းဘဲ ပြောနေကြတယ်လို့ ဘုန်းကြီးလည်း အမြဲတမ်း အပြောခံရပါတယ်၊ မြတ်ဗုဒ္ဓဘုရားရှင်ရဲ့ဒေသနာတော်အရ ဒီပဋိသန္ဓေစွဲယူခြင်းဟာလည်း ဒုက္ခပါဘဲ၊ လူသားတစ်ဦးအနေနဲ့မွေးဖွားလာရခြင်း၊နတ်ဒေဝါတစ်ဦးအနေနဲ့မွေးဖွားလာရခြင်း၊ တိရစ္ဆာန်တစ်ကောင်အနေနဲ့ မွေးဖွားလာရခြင်း၊ ဒါတွေအားလုံးဟာ ဒုက္ခတွေချည်းပါဘဲ။

## ဒုက္ခဆိုတာ

ဘုရားရှင်ဒေသနာတော်အရ ပြောရင်တော့ ဒီလောကကြီးထဲက ရှိသမျှအရာအားလုံးဟာ ဒုက္ခချည်းပါဘဲ၊ ဒီနေရာမှာ ဒုက္ခဆိုတဲ့စကားလုံးကို ဦးစွာ ပထမ နားလည် ထားရပါမယ်။

ဒုက္ခဆိုတဲ့ပါဠိဝေါဟာရစကားလုံးကိုပြန်ကြည့်ကြပါအုံးစို့၊ တစ်ခါတရံ ဒုက္ခဆိုတဲ့ဝေါဟာရကို ဘာသာပြန်ကြတဲ့နေရာမှာအဓိပ္ပါယ်ပြည့်ဝအောင် ပြန်ဆိုခြင်းမပြုကြပါဘူး၊ မူရင်းစကားလုံးများကခြုံငုံထားတဲ့ အနက်အဓိပ္ပါယ် အဝန်းအဝိုင်းကို ငုံမိအောင် ပြန်ဆိုခြင်းမပြုကြပါဘူး၊ ပြန်ဆိုလည်း မပြန်ဆိုနိုင်ကြပါဘူး၊ ပါဠိလို ဒုက္ခ၊ အင်္ဂလိပ်လို suffering =ဆင်းရဲခြင်း ဆိုတဲ့ စကားလုံးကို ကြားရတဲ့အခါတိုင်း ဘုန်းကြီးတို့ အားလုံးရဲ့ စိတ်က နာကျင်မှု

ခံစားခြင်း၊ ဆင်းရဲဒုက္ခခံစားခြင်းဆိုတဲ့ အနက်အဓိပ္ပါယ်ကို ရောက်ရောက်သွားတတ်ကြပါတယ်၊ ဒုက္ခရောက်တယ်လို့ ပြောတဲ့အခါတိုင်း ဆင်းရဲတဲ့ အဓိပ္ပါယ်လို့သာ တွေးမိကြပါတယ်၊ ကိုယ်ဆင်းရဲခံစားခြင်း၊ စိတ်ဆင်းရဲခံစားခြင်းဆိုတဲ့ ဆင်းရဲမှုဆိုတာရှိပါတယ်၊ အဲဒါဟာ ဒုက္ခပါဘဲ၊ နားလည်ရတာအလွန်လွယ်ပါတယ်၊ ဒါပေမယ့် မြတ်စွာဘုရားရှင်ဆိုလိုတဲ့ ဒုက္ခကတော့ အဲဒီအဓိပ္ပါယ်တွေထက်များစွာ နက်ရှိုင်းမှုရှိပါတယ်၊ မြတ်စွာဘုရားရှင်ရဲ့ အလိုတော်အရ ဒီကမ္ဘာလောကကြီးမှာရှိတဲ့ အရာခပ်သိမ်းဟာ ဒုက္ခချည်းပါဘဲ၊ ပျော်ရွှင်မှုခံစားနေတဲ့အချိန်တွေမှာပင်လျှင် တစ်ဦးနှင့်တစ်ဦး ဆက်ဆံပေါင်းသင်းတဲ့နေရာမှာ ပြေလည်ငြိမ်းချမ်းမှု ချမ်းသာကို ခံစားနေရတဲ့ အချိန်အခါတွေမှာပင်လျှင်

အာရုံငါးပါး ကာမဂုဏ်တရားတွေကို ပျော်ပျော်ပါးပါးခံစားနေရတဲ့ အချိန်တွေမှာပင်လျှင် မြတ်စွာဘုရားရှင်က ဒီပျော်ရွှင်မှုတွေ အားလုံးကို ဒုက္ခလို့ ဝေါဟာရတပ်ထားတော်မူပါတယ်။ ဘာကြောင့်ပါလဲ၊ ဒုက္ခလို့ သတ်မှတ်ထားတဲ့ အရာတစ်ခုခု အတွက် ဘုရားရှင် ကိုယ်တိုင်လမ်းညွှန်တော်မူထားတဲ့ စံနှုန်းကို နားလည်ထားရပါမယ်၊ မြတ်စွာဘုရားရှင် မိန့်ကြားတော်မူပါတယ်၊ "မမြဲတဲ့အရာမှန်သမျှ ဒုက္ခချည်းပါဘဲ"တဲ့၊ ဘုန်းကြီးတို့အားလုံး ဒါကို နားလည်ထားရပါလိမ့်မယ်။

## မမြဲခြင်းဟာ ဒုက္ခပါဘဲ

မမြဲတဲ့ အရာမှန်သမျှ ဒုက္ခချည်းသာ ဖြစ်ပါတယ်၊ ဒီကမ္ဘာ လောကကြီးမှာ မြဲပါတယ်ဆိုတဲ့ အရာတစ်ခုခုကို ရှာလို့

တွေ့နိုင်ပါသလား၊ "ဖြစ်ရှုံမျှသာ ဖြစ်ပြီးတော့ မပျောက်ပျက်တော့ဘူး ဆိုတဲ့အရာတစ်ခုခု" ကို ရှာလို့ တွေ့နိုင်ပါသလား၊ အမြဲထာဝရ တည်တံ့တဲ့အရာဆိုတာ ဘာမှမရှိပါဘူး၊ အရာခပ်သိမ်းဟာချုပ်ခြင်း၊ ပျောက်ခြင်း၊ ပျက်ခြင်း၊ ရှိတာချည်းပါဘဲ၊ အကြောင်းကတော့ ရှင်းရှင်းလေးပါ၊အစဆိုတာရှိနေတယ်မဟုတ်လား၊ ဒါကြောင့် အစရှိနေသမျှ အဆုံးဆိုတာရှိနေပါတယ်၊ ဒါဟာ သဘာဝရဲ့ နိယာမဥပဒေသပါဘဲ၊ ဒီနိယာမက ဘယ်သူမှမလွတ်မြောက်နိုင်ကြပါဘူး၊ ဘုန်းကြီးတို့အားလုံးဟာ လူသားတွေအနေနဲ့ မွေးဖွားလာကြတယ်၊ လူသားတွေအနေနဲ့ ဘဝကိုစတင်ခဲ့ကြတယ်၊ အမြဲထာဝရ အသက်ရှင်မှာတော့မဟုတ်ဘူး၊ တစ်နေ့မှာ ဘုန်းကြီးတို့အားလုံးသေကြရမယ်၊ဘဝအစရလာပြီ

ဆိုရင်ဘဝအဆုံးဆိုတာရှိနေပါတယ်၊ အစ
နဲ့အဆုံးရှိနေတဲ့ တစ်စုံတစ်ခုခုဟာတည်မြဲ
မယ်လို့ ပြောလို့မရပါဘူး၊ ဒါဟာ အနိစ္စ
ပါဘဲ၊ ဘုရားရှင် မိန့်တော်မူတာကတော့
မတည်မြဲခြင်း အနိစ္စမှန်သမျှ ဆင်းရဲခြင်း
ဒုက္ခချည်းပါဘဲ၊ ဆိုလိုရင်းကတော့ ဒီ
မတည်မြဲတဲ့အရာမှန်သမျှကို ဖြစ်ပေါ်ခြင်း
ချုပ်ပျောက်ခြင်းတို့က ဖိနှိပ်လွှမ်းမိုးနေပါ
တယ်၊ ဖြစ်ပေါ်ခြင်း ချုပ်ပျောက်ခြင်းတို့
က နှိပ်စက် ချုပ်ကိုင်နေပါတယ်။

**ကမ္မဋ္ဌာန်းရှုပွားမှ ဒုက္ခထင်ရှား**

ဖြစ်ပေါ်ခြင်း ချုပ်ပျောက်ခြင်း
တို့က အမြဲ ဖိစီးနှိပ်စက်ခြင်းကိုဘဲ
မြတ်စွာဘုရားရှင်က ဒုက္ခ ဒါမှမဟုတ်
ဆင်းရဲခြင်းလို့ ဆိုလိုခြင်း ဖြစ်ပါတယ်၊
နာကျင်ခြင်းဝေဒနာ ခံစားရခြင်းမျှ ကိုသာ

ဆိုလိုခြင်းမဟုတ်ပါ၊ ပူဆွေးဝမ်းနည်းခြင်းမျှကိုသာ ဆိုလိုခြင်းမဟုတ်ပါ၊ စိတ်ညစ်စိတ်ဆင်းရဲခြင်းမျှကိုသာ ဆိုလိုခြင်းမဟုတ်ပါ၊ စိတ်တွင်ဖြစ်ပေါ်နေသောအခြားအရာများဟာလည်းဘဲ ဒုက္ခချည်းပါဘဲ၊ နှစ်သက်စရာ ဖြစ်ကောင်းဖြစ်ပါ့မယ်၊ ဝမ်းနည်းကြေကွဲစရာ ဖြစ်ကောင်းဖြစ်ပါ့မယ်၊ အစနဲ့အဆုံးရှိနေတဲ့ အရာခပ်သိမ်းဟာ ယခုပြောခဲ့တဲ့ ဒုက္ခစံနှုန်းအရဖြစ်ပွားနေခြင်းပါ၊ ဖြစ်ပေါ်ခြင်း ချုပ်ပျောက်ခြင်းက ဖိစီးနှိပ်စက်ခံနေရတဲ့သဘောလက္ခဏာကြောင့် ယခုလို ဆင်းရဲနေခြင်းဖြစ်ပါတယ်၊ ဒါယကာ ဒါယိကာမများ ကမ္မဋ္ဌာန်းတရားကို ရှုပွား အားထုတ်တဲ့အခါကျရင် ဒီသဘောဟာ ပိုမိုထင်ရှားလာပါလိမ့်မယ်၊ ကမ္မဋ္ဌာန်းတရားကို ရှုပွား အားထုတ်တဲ့အခါမှာ လက်ငင်း

ပစ္စုပ္ပန် ဖြစ်ဆဲခဏတာ ကာလလေးမှာ ဖြစ်ပေါ်လာတဲ့ အာရုံမှန်သမျှကို သတိအမှတ်ဖြင့် တစ်ထပ်တည်းကျအောင် ကြိုးစားရှုမှတ်ရပါတယ်၊ စိတ်မှာဖြစ်ပေါ်လာခိုက် တစိုက်မတ်မတ် ရှုမှတ်ပွားများနေရတဲ့ အာရုံမှန်သမျှဟာ ပေါ်ပေါက်လာပြီး ချုပ်ပျောက် ချုပ်ပျောက် သွားရပါတယ်၊ ကာလကြာမြင့်စွာ တည်မနေတတ်ပါဘူး။

**ကြားသမျှ ပေါ် ချုပ် ပျောက်**
**ပြောသမျှ ပေါ် ချုပ် ပျောက်**

ဥပမာအားဖြင့် အခု ဘုန်းကြီးရဲ့ အသံကို အာရုံစိုက်လိုက်ပါ၊ စကားလုံးတွေ၊စကားလုံးတွေကို တစ်လုံးပြီးတစ်လုံး ကြားကြားနေကြပါတယ်၊ အဲဒီစကားလုံးတွေ အားလုံးဟာ ပေါ်လိုက် ပျောက်လိုက်

မှုသာ ရှိကြပါတယ်၊ ဒါကြောင့် ဒါယကာ ဒါယိကာမများက ပေါ်လိုက်ပျောက်လိုက် အပေါ် စူးစိုက်နေတဲ့ အာရုံတိုင်း အာရုံတိုင်းကို သတိကပ်ထားတဲ့ အခိုက်မှာ ဖြစ်ပေါ်ခြင်း ချုပ်ပျောက်ခြင်းများက လွှမ်းမိုးဖိစီးနေတဲ့ သဘောတရားကို နားလည်သိရှိရပါတယ်။

ဖြစ်သမျှ ပေါ် ချုပ် ပျောက်

ဘုန်းကြီးပြောနေတဲ့ စကားလုံးများကို ယခုနားထောင်နေဆဲ အခိုက်မှာတောင်မှ ဖြစ်ပေါ်ခြင်း ချုပ်ပျောက်ခြင်းများက ဒါယကာ ဒါယိကာမ အားလုံးကို ဖိစီး လွှမ်းမိုးနေကြပါတယ်၊ လွန်ခဲ့တဲ့ ငါးမိနစ် ဆယ်မိနစ်လောက်က သင် ဒါယကာ ဒါယိကာမများဟာ ယခုအချိန်မှာ တစ်ထပ်တည်း မတူညီကြတော့ပါဘူး၊

လွန်ခဲ့တဲ့ ငါးမိနစ် ဆယ်မိနစ်လောက်က လူဟာ အခုလူ မဟုတ်တော့ပါဘူး၊ဒီလိုဘဲ အချိန်တိုင်း အချိန်တိုင်းမှာ ဖြစ်ပေါ်ခြင်း ချုပ်ပျောက်ခြင်းတွေ ရှိနေကြပါတယ်၊ တစ်ခုနဲ့ တစ်ခုကြားမှာ အကြားလည်း မရှိပါဘူး၊ ရပ်နားခြင်းလည်း မရှိပါဘူး၊ ဖြစ်ပေါ်ခြင်း ချုပ်ပျောက်ခြင်းများက ဘုန်းကြီးတို့ အားလုံးကို မရပ်မနား အမြဲတစေ ဖိနှိပ်ချုပ်ချယ် လွှမ်းမိုးလျက် ရှိကြပါတယ်၊ မြတ်စွာဘုရားရှင် ဆိုလို တော်မူရင်းဖြစ်တဲ့ ဒုက္ခဆိုတာ ဒါပါဘဲ၊၊

ခန္ဓာငါးပါးဒုက္ခသစ္စာ

ဒီအချက်ကို နားလည်သဘော ပေါက်မယ် ဆိုရင်တော့ ခန္ဓာငါးပါးဟာ ဆင်းရဲခြင်း ဖြစ်တယ်ဆိုတာ နားလည် နိုင်ပါပြီ၊ တစ်လောကလုံးမှာရှိတဲ့အရာမှန်

သမျှ အစနဲ့ အဆုံး ရှိကြပါတယ်၊ ဒါကြောင့် အားလုံးဟာ ဒုက္ခချည်းပါဘဲ၊ မြတ်စွာဘုရားရဲ့ ဒေသနာတော်၊ အထူး သဖြင့် သစ္စာလေးပါး တရားတော်ကို သိမြင်နားလည်ဖို့ ကြိုးစား အားထုတ်တဲ့ အခါမှာ ယခုပြောတဲ့ ဒုက္ခကို နားလည်တဲ့ အဆင့်ပေါ်မှာရပ်တည်ပြီးတော့မှနားလည် ရပါမယ်၊ အများသိထားတဲ့ သာမန်ဆင်းရဲ ဒုက္ခ အသိအပေါ်မျှသာ ရပ်တည်ပြီး နားမ လည်ရပါဘူး၊

ပထမဦးစွာ ဒုက္ခသစ္စာကို မြတ်စွာ ဘုရား ရှင်းလင်းမိန့်ကြားတော်မူရာမှာ--

"မွေးဖွားခြင်းသည် ဆင်းရဲ၏၊ အိုမင်းခြင်းသည်ဆင်းရဲ၏၊ သေခြင်းသည် ဆင်းရဲ၏၊ ရောဂါဝေဒနာသည်ဆင်းရဲ၏" စသည်ဖြင့် ဟောကြားတော်မူခဲ့ပါတယ်၊ နားလည်ဖို့ရာ မခက်ခဲပါဘူး၊ ကမ္ဘာ့ဥာန်း

ရှုပွားအားထုတ်မှု မရှိဘဲနဲ့လဲ ဒီသဘော တရားတွေဟာ ဒုက္ခဖြစ်ကြောင်း နားလည် နိုင်ပါတယ်။

ဒါပေမယ့် နောက်ဆုံး မြတ်စွာ ဘုရားဟောကြားတော်မူခဲ့တဲ့နေရာမှာ –

"အကျဉ်းချုပ်အားဖြင့် စွဲလမ်းရာ ဥပါဒါနက္ခန္ဓာငါးပါးသည် ဆင်းရဲ၏" လို့ဟောကြားတော်မူပါတယ်၊ အဓိပ္ပါယ် ကတော့ ဒီကမ္ဘာလောကကြီးထဲမှာရှိတဲ့ အရာရာတိုင်းဟာ ဆင်းရဲတယ်လို့ ဆိုလိုတာပါဘဲ၊ ဒါဟာ လူတော်တော် များများက လက်မခံနိုင်သေးတဲ့ အချက်ပါ ဘဲ၊ လူတော်တော်များများဟာ ဘုရားရှင် အမှန်တကယ် ရည်ညွှန်း ဟောကြားတော် မူတဲ့အချက်ကို နားမလည်ကြပါဘူး။

မြတ်စွာဘုရားရှင်က ဒီကမ္ဘာ လောကကြီးထဲမှာရှိတဲ့ အရာရာတိုင်းဟာ

ဆင်းရဲတယ်လို့ ဟောကြားတော်မူတဲ့ နေရာမှာ ဆင်းရဲခြင်း သို့မဟုတ် ဒုက္ခ ဆိုတဲ့အနက်အဓိပ္ပါယ်သဘောသွားဖြစ်တဲ့ ဖြစ်ခြင်းပျက်ခြင်းတို့ရဲ့ ဒလစပ် နှိပ်စက် ခံရတဲ့ သဘောကို ဘုရားရှင်ရဲ့စိတ်တော် မှာ နှလုံးတော်သွင်းပြီးသားပါ၊ ဖြစ်ခြင်း ပျက်ခြင်းတို့ရဲ့ တိုက်ခိုက် နှိပ်စက်မှုက လွတ်မြောက်နိုင်တဲ့ ရုပ်နာမ်သဘာဝ ဆိုတာ စိုးစဉ်းကလေးမျှ မရှိပါဘူး၊ ဒါကြောင့် ဒီကမ္ဘာလောကကြီးမှာရှိတဲ့ အရာမှန်သမျှဟာ ဆင်းရဲတယ်လို့ ပြောရခြင်းဖြစ်ပါတယ်၊ ဘုရားရှင်ဟော ကြားတော်မူတဲ့ ဒုက္ခသစ္စာဒေသနာတော် ကို နားလည်ဘို့ ကြိုးစားတဲ့အခါမှာ ဒီနည်းနဲ့ ကြိုးစား နားလည်ရပါတယ်၊ ဒီနည်းနဲ့ နားမလည်ဘူးဆိုရင်တော့ ဗုဒ္ဓဒေသနာတော်များကို နားလည်ခွင့် မရရှိမှုမက ဘုရားရှင်ကိုယ်တော်မြတ်ကြီး

ကို အဆိုးမြင်ဝါဒီကြီး တစ်ဦးအဖြစ် တောင်စွပ်စွဲနိုင်လာပါသေးတယ်။

## အရှိကိုအရှိအတိုင်း ဟောကြားသော မြတ်ဗုဒ္ဓ

မြတ်စွာဘုရားရှင်က အဆိုးမြင်ဝါဒီတစ်ဦး မဟုတ်သလို အကောင်းမြင်ဝါဒီတစ်ဦးလဲ မဟုတ်ပါဘူး၊ မြတ်စွာဘုရားရှင်ဟာ အမှန်သဘာဝတရားတွေကို အမှန်အတိုင်း သိမြင်လမ်းညွှန်တော်မူတဲ့ ပရမတ္ထသစ္စဝါဒီ (အမှန်မြင်ဝါဒီ) တစ်ဦးဖြစ်တော်မူပါတယ်၊ ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမတို့ အားလုံးအတွက် စိတ်သက်သာရာ ရစေလိုတဲ့ သဘောနဲ့ ဘယ်အမှန်တရား တစ်ခုခုကိုမှ ဖုံးကွယ်ထားတော်မမူပါဘူး။ ဒီကမ္ဘာလောကကြီးဟာ ဆင်းရဲတယ်လို့ ကိုယ်တော်တိုင် သိမြင်တော်မူတဲ့အခါမှာ ဒီကမ္ဘာလောကကြီးဟာ ဆင်းရဲတဲ့

အကြောင်း အရှိအတိုင်း ဟောပြတော်မူတာပါဘဲ။

ဒီနေရာမှာ ကောင်းတာတစ်ခုက ဆင်းရဲတယ်လို့ ဟောပြပြီး ရပ်နားထားတော်မမူပါဘူး၊ဆင်းရဲခြင်းရဲ့အကြောင်းခံ တရားကိုလဲ ဆက်ပြီး ဟောပြတော်မူပါတယ်၊ ထိုနည်းတူ ဆင်းရဲခြင်းချုပ်ငြိမ်းရာကိုလည်း ဟောပြတော်မူပါတယ်၊ အကောင်းတကာ့ အကောင်းဆုံးကတော့ ဒီဆင်းရဲခြင်းက လွတ်မြောက်ချုပ်ငြိမ်းရာလမ်းကို ပြသတော်မူလိုက်ခြင်းပါဘဲ။

**မြတ်ဗုဒ္ဓ**
**အတုမဲ့သမားတော်ကြီး**

ကျွမ်းကျင်လိမ္မာတဲ့ သမားတော်တစ်ဦးဟာ ရောဂါဝေဒနာအကြောင်း၊ ရောဂါဝေဒနာ ဖြစ်ပွားခြင်းအကြောင်း၊ ဒီရောဂါဝေဒနာကို ကုစားနိုင်ကြောင်း၊ ဒီလို ကုစားဖို့ရာအတွက် ဆေးဝါးကို

မှီဝဲသုံးဆောင်ရန် ဖြစ်ကြောင်းတို့ကို နည်းလမ်းညွှန်ပြမှာ ဖြစ်သလို၊ ထိုနည်း တူပါဘဲ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက သတ္တဝါများကို ဒီလို ထောက်ပြလမ်းညွှန် တော်မူပါတယ်။

သတ္တဝါအားလုံးဟာ ဆင်းရဲဒုက္ခခံစားနေကြရတယ်၊ · တပ်မက်တွယ်တာခြင်းဆိုတဲ့ တဏှာဆိုတာဟာ ဒီဆင်းရဲခြင်းရဲ့အကြောင်းရင်းခံတရားဖြစ်တယ်၊ ဒီဆင်းရဲခြင်းဟာလဲဘဲ ချုပ်ငြိမ်းခြင်းရှိတယ်၊ ဒီဆင်းရဲချုပ်ငြိမ်းမှု ရရှိအောင် အမြိုက်မဂ္ဂင်ရှစ်ပါးလို့ခေါ်တဲ့ မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ဆည်းပူးပွားများအားထုတ်ရင် ရရှိအောင်မြင်နိုင်တယ်လို့ မိန့်ကြားတော်မူပါတယ်။

## လွတ်လမ်းကိုရှာ

## မိမိဝန်တာ

တကယ်တော့ မြတ်စွာဘုရားရှင်က ဆင်းရဲကြောင်းမျှကိုသာ ဟောကြားတော်မူခဲ့ခြင်းမဟုတ်ပါဘူး၊ ဒီဆင်းရဲက လွတ်မြောက်နိုင်တဲ့ နည်းလမ်းကိုလဲဘဲ လမ်းညွှန်တော်မူခဲ့ပါတယ်။ မဂ္ဂင်ရှစ်ပါး လမ်းစဉ်ကို လိုက်နာကျင့်သုံးမယ် ဆိုရင်တော့ ဒီဆင်းရဲကို ချုပ်ငြိမ်းအဆုံးသတ်အောင်လုပ်နိုင်မှာသေချာပါတယ်၊ ဒီတော့ ဒီဆင်းရဲခြင်းက အမှန်တကယ် လွတ်မြောက်လိုသလား၊ မလွတ်မြောက်လိုဘူးလားဆိုတာ ဘုန်းကြီးတို့ဒီမှာတရားနာနေကြတဲ့ ဒါယိကာ ဒါယိကာမတို့ တာဝန်ပိုင်းသာဖြစ်ပါတယ်၊ အမှန်တကယ်ဒုက္ခမှ လွတ်မြောက်လိုတယ် ဆိုရင်တော့ ဒုက္ခချုပ်ငြိမ်းရာဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး လမ်းစဉ်အတိုင်း လျှောက်လှမ်းအားထုတ်ကြဖို့လိုပါတယ်။

ဆေးညွှန်းဖတ်ကြည့်ရုံဖြင့်မပြီး
လက်တွေ့စားသုံးမှအကျိုးကြီး

ဒါကြောင့်မို့ --- ဘုရားရှင်ရဲ့ ဒေသနာတော်တွေကို လေ့လာသင်ကြားတဲ့အခါ၊ ဒါမှမဟုတ် နားလည်အောင်ကြိုးစားအားထုတ်တဲ့အခါမှာ နားလည်ရုံမျှ သိရှိရုံမျှသက်သက် အားထုတ်ခြင်းမပြုရပါဘူး၊ ဒီတရားတော်တွေကို လက်တွေ့ အားထုတ်ကျင့်ကြံဖို့လည်း လိုအပ်ပါတယ်၊ မြတ်စွာဘုရားရှင်ရဲ့ ဒေသနာတော်တွေဟာ ဆေးဝါးပါဘဲ၊ ဆေးဝါးဆိုတာ အမှန်တကယ် စားသုံးမှသာ အကျိုးသက်ရောက်မှုရှိပါတယ်၊ အိမ်မှာ ဆေးပုလင်းတွေ အများကြီးဆောင်ထားတတ်ကြပါတယ်၊ ဒါပေမယ့် အမှန်တကယ် ဒီဆေးဝါးတွေကို မသုံးဆောင်မသုံးစွဲနိုင်ဘူးဆိုရင်တော့ ပျောက်လိုတဲ့ဝေဒနာဟာ မပျောက်မှာ ကျိန်းသေပါတယ်၊ ဒါကြောင့် ----- ဆေးဝါရဲ့

အကျိုးသက်ရောက်မှုဟာ ဒီဆေးဝါးကို သုံးစွဲမှုအပေါ် မူတည်နေပါတယ်။

အလားတူပါပဲ၊ ဘုရားရှင်ရဲ့ ဒေသနာတော်တွေကို နားလည်တာဟာ ကောင်းလှပါတယ်၊သို့ပေမဲ့-- နားလည် ရုံမျှလောက်နဲ့ လုံလောက်ခြင်းမရှိသေးပါဘူး၊ ဒုက္ခအပေါင်းမှ လွတ်မြောက်နိုင်စွမ်းရရှိအောင်၊ ကိလေသာအညစ်အကြေး အားလုံးမှ ကင်းဝေးရလေအောင် ဒီ လမ်းညွှန်ဒေသနာတော်တွေကို လက်တွေ့လိုက်နာပြီး လက်တွေ့ကျင့်ဆောင် အားထုတ်ကြရမှာဖြစ်ပါတယ်၊ လက်တွေ့အားထုတ်မှုက အရေးကြီးကြောင်း ဒေသနာတော်များက ညွှန်းဆိုထားပါတယ်၊ ဒါ့ထက် ပိုပြီးတော့ လက်တွေ့အားထုတ်မှုဟာ အရေးအကြီးဆုံးလို့ပင် ဆိုနိုင်ပါတယ်၊ လက်တွေ့ကျင့်ဆောင် အားထုတ်ခြင်းဖြင့်သာလျှင် ဗုဒ္ဓမြတ်စွာနှင့် ရဟန္တာရှင်မြတ်ကြီးများ ရရှိခံစား

ပြီးသောအရာကို ဘုန်းကြီးတို့ ရရှိခံစား နိုင်မှာ ဖြစ်ပါတယ်။

အခုအချိန်မှာ ဘုန်းကြီးတို့ အားလုံး ကံဆိုတာ ဘယ်အရာဖြစ်တယ် ဆိုတာကို သိမြင်နားလည်ဖို့ ကြိုးစား အားထုတ်ပြီးကြပါပြီ၊ ဒီကံရဲ့ အကျိုး ရလာဒ်ဖြစ်တဲ့ပဋိသန္ဓေအကြောင်းကိုလဲဘဲ သိမြင်နားလည်ဘို့ ကြိုးစား အားထုတ် ပြီးကြပါပြီ၊ ထိုနည်းတူစွာ ဒီကံရဲ့အကျိုး ပေးမှုဟာ ဘယ်လောက်ဘဲ ကောင်းသည် ဖြစ်စေ ဒီလိုကောင်းကံရဲ့ အကျိုးရလဒ် ဟာလဲဘဲ အမှန်စင်စစ် ဆင်းရဲဒုက္ခသာ ဖြစ်တယ်ဆိုတဲ့ အကြောင်းကိုလဲဘဲသိမြင် နားလည်ဘို့ ကြိုးစား အားထုတ်ပြီး ကြပါပြီ။

သာဓု . . သာဓု. .သာဓု

**A Talk on Kamma, Rebirth and Suffering**

Given by

**the Venerable Sayadaw**

U Sīlānandābhivaṁsa

**Rector Sayadaw**

**The International Theravāda Buddhist**

**Missionary University**

Dhammapāla Hill, Mayangone P. O.,

Yangon, Myanmar

at 9:30 a.m. on 13th March, 1999

As Requested by the Members of

The Young Presidents' Organization

of the United States

I was requested to give a talk to explain to you the Buddhist Law of Kamma, Rebirth and the Buddha's Teaching of Suffering. All these teachings are interesting not only for Buddhists but for non-Buddhists as well. Now, I am a Theravāda Buddhist monk and so when I talk about Theravāda Buddhism, I prefer to use Pāḷi words to Sanskrit words that are more popular with Western people. is because Pāḷi language is the language in which the original teachings of the Buddha were preserved and recorded. Therefore, it has become the sacred language of Theravāda Buddhists.

The word *kamma*—k-a-m-m-a—is a Pāḷi word. It is the same as *k-a-r-m-a* in Sanskrit. By the way, since it is a Sanskrit word you

have to pronounce the 'r' in this word distinctly as you do in Spanish, and not as you normally do in the U.S.

Now, what is *kamma*? The literal meaning of the word *kamma* is "something that is done" or "a deed". It also means a mental state that is instrumental in doing the deed, good or bad, wholesome or unwholesome. So, technically *kamma* means that mental state which arises in the mind when people do some deed. Whenever there is a deed good or bad, there arises in the mind this mental state, and this mental state organizes the other associated mental states and also engages itself to the object. So, that mental state is like a chief pupil in a class who studies himself and also encourages other pupils to

state acts upon the object itself and also encourages or organizes the other mental states arising together with it to act on the object. That mental state is called "cetanā" in Pāḷi, and it is translated as "volition". So what we call *kamma* is not actually the deed, good or bad, but that mental state that accompanies or that arises in the mind of a person who does the good or bad, or wholesome or unwholesome deed.

And as a mental state, it arises and disappears immediately, because according to the Teachings of the Buddha, whether it is a mental state or a material state, it arises and immediately it disappears. But unlike other mental states, when it disappears it leaves some potential to give results in the

mental continuum of beings. Although we cannot say or we cannot know where this potential is stored, but when conditions are favourable for that *kamma* to give results, the results are produced. Let's take an example of a mango tree that bears fruits. Before the fruits are on the tree, we cannot say where the fruits are stored, whether in the roots,or in the trunk, or in the branches,or in the leaves. But when the conditions come together—like sunshine, moisture and water—the fruits are produced. In the same way the *kamma* which has the potential to give results gives results when the conditions are favourable for it. This is what we call *kamma*. And this *kamma* as you know can be good or bad, or can be wholesome or unwholesome. Since

it is a natural law that *kamma* gives results, it follows that when the *kamma* is good, then it will produce good or happy results, and when the *kamma* is bad or unwholesome, it will produce bad or painful results. This is what we call the Law of Kamma: that there is what is called *kamma* (or volition) and this *kamma* gives results in the future. So we Buddhists all believe in this Law of Kamma.

And this Law of Kamma was discovered by the Buddha by himself without a teacher. On the night before He became the Buddha, the Bodhisatta sat down under the Bodhi tree and practised meditation for the whole night. During the middle watch of the night—in modern terms, between 10 p.m. and 2 a.m. — Buddha

attained the supernormal knowledge by which He was able to see beings dying from one existence and being reborn in the next existence. He also saw that a being died from one existence and was reborn in a miserable existence because he, the being, did bad *kamma* in the past, and another being died from one existence and was reborn in a blissful state as a human being or a celestial being because he did wholesome *kamma* in the past.

So, during that time or during that watch of the night, Buddha discovered the Law of Kamma. Therefore Buddha's teaching of the Law of Kamma was not borrowed from any other teaching, but it came from His own intuitive knowledge or super-

wisdom. It is also said (in our books) that only thc Buddhas could understand everything about *kamma*; it is not in the province of even the best of His disciples to understand *kamma* in all its entirety. So, if we do not know everything about *kamma*, we should not be disappointed because it is not in our own province to know everything about it.

There are different kinds of *kamma*. There is *kamma* which gives results in this very life, there is another kind of *kamma* which gives results in the next future life, and there is yet another *kamma* which gives results from the third life indefinitely until one gets out of this round of rebirths. The three kinds of *kamma* become defunct when they do not get the

opportunity to give results in their allotted periods of time. So *kamma* gives results not only in future lives, but it can give results in this very life also.

There are some people who said that they got the results of the *kamma* in this very life. There is a Myanmar lady in Florida whose daughter was married to an American, a neurosurgeon. On her one birthday, her son-in-law gave her a Mercedes as a birthday present. She was surprised because on her own she could never hope to own a Mercedes. She told me that she got that Mercedes as a present because she did something or she had been doing something good in her life. And that was that she was providing transportation to an elderly couple who do not drive.

She took them once a week to grocery stores and helped them in their shopping, and then took them back to their home. She donated transportation to the couple for many years and she believed that as a result of the good *kamma* she did in this life, she got the result also in this life. So there are *kamma*s that give results in this very life. And I hope you can think of the negative or bad *kamma* giving bad results in this life.

This understanding of the Law of Kamma taught us self-reliance and self-responsibility, because we enjoy or suffer as a result of what *kamma* we did in the past. Whatever you enjoy in this life is actually the result of the good *kamma* you did in the past. And whatever you suffer here is also the

result of bad *kamma* you did in the past. So we are not to blame anybody else for our suffering or failure in this life. If we want to blame at all, we can blame our own *kamma*.

So *kamma* is one that produces results, and since it is we who do the *kamma*, we are the ones who cause the results to be produced. Therefore, we are the masters of our own future. We can shape our future lives. In this respect, I think, we are free and do not have to rely on any other person for our good future, because we alone can create our future, either good or bad. When we understand that we alone are responsible for our own suffering or happiness, we know we can shape our future so that we get happiness only and not

suffering. If we do not want bad or painful results, we just need to avoid which will give painful results. That means the knowledge of the Law of Kamma will teach us to abstain from doing what is bad, what is painful to oneself and what is harmful to others. Thus we can improve our lives here and also we can shape our lives in the future because we know or understand the Law of Kamma.

Now *kamma* gives results. Whenever there is *kamma*, there will be results. We cannot get away from the consequences of the *kamma* we did in the past unless we become Buddhas or Arahants. So, when a person is reborn in another life, that rebirth is the result of the *kamma* he did in the past—in the immediate past life, or in the lives

before the past. So when a person is said to be reborn, he is reborn as a result of the *kamma* he did in the past.

According to the teachings of Theravada Buddhism, rebirth immediately follows death. There is no time gap between death in one life and rebirth in the next life. A person may be reborn in a place thousands of miles away, and there are reports of people who died in England and were reborn in Australia. Although the distance may be great—thousands and thousands of miles—there is no time interval between death in one life and rebirth in the next life. So, according to Abhidhamma, rebirth immediately follows death; but we must understand that rebirth in the next life is not the result of death in

the previous life. Rebirth in the next life is the result of *kamma* in the past. Quite often people misunderstand this fact. They think that rebirth is produced by death. We can say that rebirth is conditioned by death only when we mean that death consciousness disappears so that rebirth consciousness can arise. (This is called Proximity Condition in *Paṭṭhāna*, the seventh book of Abhidhamma.)

Death is just one moment in life, the last moment. Before that last moment the dying man's mind is occupied with some kinds of objects presented to his mind by *kamma*, and the quality of these objects plays an important, or rather decisive, role in conditioning the rebirth. Therefore, *kamma* in the past life—immediate past live or the

lives before the past—conditions or produces rebirth in the next immediate life.

Actually, disappearing of one moment and arising of another moment go on even when we are living. According to the teachings of the Buddha, we are being reborn and dying at every moment in our lives. When I talk I say words and you hear the words. And words disappear very quickly and your listening to the words also comes and goes very quickly. So, at every moment there is a new pair of mind and matter arising and then disappearing immediately. In the next moment, there is a new pair of mind and matter arising and then disappearing. It goes on and on like that even when we are living. So, if we can understand that even in our

lives one moment of mind and matter follows another moment of mind and matter without any interruption or any time-gap between the two,we can understand this life and the next life.
Actually, this life and next life are different only by one moment. At the moment of death, we call it this life. At the next moment which comes immediately, we call it the new life or next life. That is, we use these terms conventionally. So, actually the death in one life and rebirth in another are just the same as one moment following another moment during life-time. Now, one second after twelve midnight of the 31st of December, we call it a new day, a new month, a new year. But in fact there is just one second's difference between the old year and

the new year. And actually we cannot say that the previous moment is the old year and the next moment is the new year. But we agree to call it the old year, and the next one, the new year, and then we say we are in the new year, but actually we are only one second away from midnight.

In the same way, when beings are reborn after death in one life, they are just one moment after death. So, the arising and disappearing of mind and matter go on and on until one becomes an Arahant or a Buddha and one dies. Until that moment, this arising and disappearing of mind and matter will go on and on incessantly. And here also, the rebirth is produced by *kamma*, and so, we can do something about *kamma* in this life

so that we are reborn in a better existence.

Now when we talk about rebirth, people want to know what it is that is reborn there. This, we answer, with the maxim: "Neither he nor another." The person who is said to be reborn in the next life, is neither the same person that died in the previous life, nor is he a totally new person, totally independent of the being who died in the previous life. So this is the maxim we use, "Neither he nor another."

At the moment of rebirth what happens is: *Kamma* produces a state of mind and some material properties and those we call rebirth. So, mind and matter that are produced or that arise at the moment of rebirth are not

something that is carried over from the previous life.

According to our teachings, nothing moves from this life to the next life. But as a result of something that beings did in the previous life, there are produced the results in the future. So they are connected as or related as cause and effect. We may think of a rosary or a necklace. There are beads on them and these beads are different from one another and they are distinct too. But there is a string going through those beads and so we think that it is a series of beads, but actually only the individual beads are real.

In the same way, mind or matter at every moment is new, arising at every moment. But there is something like a string going

through the succession of arising of mind and matter. That is relationship as cause and effect. So when an effect is produced by a certain cause, then it must have some features of the cause in it. In that way there are no chaotic arising and disappearing, or there is no such thing as "my *kamma* will give results to you or your *kamma* will give results to me," because there is this line of relationship of cause and effect going through arising and disappearing of mind and matter at every moment.

Now when mind and matter are produced, or mind and matter arise at the moment of rebirth, Buddha called rebirth "suffering." This is the word that most people don't like, and we are always told, "You Buddhists talk about suffering all

the time." According to the teaching of the Buddha, that rebirth is also suffering. To be born as a human being, or even to be born as a celestial being is suffering, just as to be born as an animal is suffering. So, according to the Buddha's Teachings, everything in the world is suffering. Here, first you must understand the word 'suffering.'Let's go back to the Pāḷi word *dukkha*. Because sometimes the translations are not adequate. They do not or they cannot cover the range of meanings that was covered by the original words. Now whenever we hear the word *dukkha* in Pāḷi, or 'suffering' in English, our minds go to 'just pain.'When we say there is suffering, we think that only pain is suffering. There is pain — physical pain or mental

pain. That is suffering. That is very easy to see. But what Buddha meant by suffering is much deeper than that. So according to the Buddha, everything in this world is suffering. Even when you are enjoying yourself, enjoying good relationship, enjoying sensual pleasures, these pleasures are themselves termed suffering by the Buddha. Why? We must understand the criterion taught by the Buddha for something being suffering or *dukkha*. Now Buddha said, "Whatever is impermanent is suffering." We must follow that.

"Whatever is impermanent is suffering." Can we find anything that is permanent in the world? Can we find anything that just arises and does not disappear? There is nothing that lasts forever.

Everything must come to an end, simply because it has a beginning. So, whenever there is a beginning, there is an end. This is law of nature. We cannot escape that. We are born as human beings, we started as human beings, we will not live forever. One day, we will die because that is the end of our lives. So whenever there is a beginning, there is an end, and something that has a beginning and an end cannot be said to be permanent. It *is* impermanent. Buddha said, "Whatever is impermanent is suffering (*dukkha*)." That means, it is oppressed by arising and disappearing, or bombarded by arising and disappearing, or tormented by arising and disappearing.

Being constantly oppressed by arising and disappearing is what Buddha meant as *dukkha* or suffering. Not just pain, not just sorrow and not just depression and others in the mind is suffering, but whether it is pleasure or it is sorrow, everything that has a beginning and an end is, according to that criterion, *dukkha*, because there is a sense of being oppressed by arising and disappearing. It will become more pronounced when you practise meditation. When you practice meditation, you try to be mindful of whatever object is at the present moment. So, whatever object you keep your mind on it, arises and disappears. It will not stay for a long time. For example, take my voice now. I am saying words and you are hearing these

words one after another; they just come and go, come and go. So, when you are aware of every object that you observe come and go, come and go, you get that sense of being oppressed by arising and disappearing.

Even when you are listening to me now, you are being bombarded by arising and disappearing. You are not the same person now as you were five minutes ago or ten minutes ago. So, there is this arising and disappearing going on all the time; there is no respite, no gap between these. So we are constantly and continuously oppressed by this arising and disappearing. That is what Buddha meant by 'suffering.' If we understand this, we can understand that all five aggregates

are suffering. Five aggregates mean everything in the world. So everything in the world has a beginning and an end, and so everything is suffering. When we try to understand the Teachings of Buddha—especially the First Noble Truth—we must understand the suffering on this level, not just on the popular level. Now when explaining the First Noble Truth, Buddha said, "Birth is suffering, old age is suffering, death is suffering, disease is suffering," and so on. But they are not difficult to understand. Without meditation, we can understand that they are suffering. But at last Buddha said, "In brief, all five aggregates of clinging are suffering." That means everything in the world is suffering. That is what many people cannot

accept. Many people do not understand what Buddha really meant.

When Buddha said everything in the world is suffering or all five aggregates of clinging are suffering, He had in mind that definition of suffering or *dukkha*, that is, "being constantly oppressed by arising and disappearing." There is not a single physical or mental phenomenon that can escape this bombardment by arising and disappearing. That is why everything in the world is said to be suffering. So when we try to understand the teaching of suffering we try to understand in this way. If we do not understand on this level, we may just not understand the Buddha's teachings or we may accuse Him of being a pessimist.

But Buddha was not a pessimist nor was He an optimist. He was a realist. He taught us what was real. He did not cover up something just to console us. When He found out that the world was suffering, he just said that the world was suffering. But the good thing is that He did not stop there. He said there was a cause of this suffering, and also there was cessation of this suffering. And best of all, He said, there was a way which can lead to the cessation of suffering or to get out of this suffering.

Just as a clever physician would point out that you have a disease, and there is a cause for this disease, and this disease can be cured and this is the medicine to take, so Buddha said, "You or all beings are suffering, there is the cause for

suffering which is craving, and there is the cessation of this suffering, and that cessation of suffering can be achieved through the practice of the Middle Way or the Noble Eightfold Path."

Buddha did not teach us just suffering, but he taught us how to get rid of suffering also. If we follow the practice of the Noble Eightfold Path, we will also be able to end this suffering. So it is up to us whether we want to get out of this suffering or not, and if we really want to get out of suffering, we need to follow the Fourth Noble Truth which is the way that leads to the cessation of suffering.

Therefore, when we study the Buddha's teachings or try to understand the Buddha's teachings, we do not try just to understand

them, we need to practise them also. His teachings are like medicine. The medicine will be effective only when you take it. You may have bottles of medicine at home, but if you do not take them, you will not get cured of that disease you want to cure. So the effectiveness of medicine lies in being taken. If you do not take them, you will not get the results of that medicine. In the same way, Buddha's teachings are good to understand, but that is not enough. We have to put these teachings into practice or we have to follow the teachings so that we are also able to get rid of suffering or get rid of all mental defilements. That is why in our teachings, practice is very important, or we can say, practice is the most important. Only through

practice can we achieve what was achieved by the Buddhas and the Arahants.

Now we have tried to understand what *kamma* is, and also rebirth that is the result of *kamma*, and also we have tried to understand that the result of *kamma*, however good it may be, is actually suffering.

**********

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ ၊
အလှူမှန်သမျှတွင် တရားအလှူသည်အမြတ်ဆုံး၊
**Dhamma-gift excells all other gifts.**

သို့

---------------------------------------------

---------------------------------------------

---------------------------------------------

---------------------------------------------

ဓမ္မဒါန အဖြစ်လှူဒါန်းပါသည်။

ဓမ္မဒါနအလှူရှင်

---------------------------------------------

---------------------------------------------

---------------------------------------------

---------------------------------------------

၂
၁